မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၃၂၀)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး

မြစ်ကြီးနား၊ မိုးကောင်းနှင့် မိုးညှင်းမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၅ ရက် နံနက် ၉နာရီခွဲတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး ဆုရရှိသော ကျောင်းသားကျောင်းသူများ၊ ဆုရကျောင်းများ၊ မြို့နယ်များ၊ ဆရာ ဆရာမများအား ဆုများကို ပေးအပ်ချီးမြှင့်၍ ဆုရကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ စာမျက်နှာ ၅ ကော်လံ ၃ ■

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ Yangon Expo'2009 ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် Yangon Expo' 2009 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူတို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် တပ်မတော်ခန်းမအတွင်း ကုမ္ပဏီများနှင့် လုပ်ငန်းများက အရောင်းဆိုင်များ ဖွင့်လှစ်ပြသရောင်းချလျက်ရှိသော လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ အဝတ်အထည်များ၊ ပရိဘောဂများ၊ ဆေးဝါးများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

မိမိတို့နိုင်ငံအနေနဲ့ ဒီမိုကရေစီခရီးကို ရည်မှန်းချက်အတိုင်း မမှိတ်မသုန် ဆက်လက်လျှောက်လှမ်းသွားမှာပါ။ ရှေ့ဆက်လုပ်သွားမယ့် လုပ်ငန်းစဉ်တွေဟာလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီပဲ လုပ်သွားမှာပါ။ ဥပဒေ၊ နည်းဥပဒေများအရ ညီညွတ်သူတိုင်း ပါဝင်ခွင့်ရကြမှာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေက အုတ်မြစ်စီပေးထားတဲ့အတိုင်း ဆက်ပြီးတက်သွားမှာပါ။

ကိုတိုး၏ ဆောင်းပါး စာ ၈ - ၉

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီး၏ ပြင်ပလူနာဆောင် ဆောက်လုပ်ပြီးစီးမှုကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း
(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
လှဲလှဲဝင်း
(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၀

နိုင်ငံတစ်ဝန်း ပညာအရောင် ထွန်းလင်းတောက်ပစေခဲ့ပြီ။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုလည်း ဖြန့်ကြက်နိုင်ခဲ့ပေပြီ။ မြို့နှင့်ကျေးလက်များပါ ယခင်နှင့်မတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို ခရီးသွားခဲ့ရာဒေသတိုင်း မျက်ဝါးထင်ထင် တွေ့မြင်နေခဲ့ရသည်။

ဖွဲ့စည်းတည်ရှိ

မြန်မာ့အလင်းသတင်းအဖွဲ့သည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့သို့ မကြာမီက ရောက်ခဲ့သည်။ မြို့ငယ်တစ်မြို့ဖြစ်သော်လည်း ပညာရေးကဏ္ဍနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ပေးမှုတို့ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ကျောင်းတက်ချိန်ဖြစ်၍ ကျောင်းသားကျောင်းသူများဖြင့် စည်ကားနေသည်။ ပညာရေးကိုဦးစားပေးသော မြို့ပင်။ ကန့်ဘလူမြို့နယ်အတွင်း ကျေးရွာအုပ်စု ၈၆ အုပ်စု၊ ကျေးရွာပေါင်း ၂၇၃ ရွာဖြင့် ဖွဲ့စည်းတည်ရှိသည်။ စာမျက်နှာ ၁၀ ကော်လံ ၁ *

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဩဂုတ် ၂၁ ရက်)

အမျိုးသားအကျိုးစီးပွားဖော်ဆောင်နိုင်မည့်လမ်းတံတားများ တိုးမြှင့်ဖော်ဆောင် ရေရှည်အသုံးပြုနိုင်ရေး ဒေသခံတိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတစ်ဝန်း ဒေသဖွံ့ဖြိုးရေးများကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် အဓိကအခန်းမှ ပါဝင်လျက်ရှိသည်။

ပြည်ထောင်စုတစ်ဝန်း ကားလမ်း၊ ရထားလမ်း၊ လေဆိပ်များ၊ တံတားများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ၏အရှေ့၊ အနောက်၊ တောင်၊ မြောက် အစိတ်အပိုင်းအားလုံး ဆက်သွယ်သွားလာနိုင်ပြီဖြစ်ရာ မြောက်ဖျားကချင်ပြည်နယ်မှ တောင်ဖျားတနင်္သာရီတိုင်းဆီသို့ ကုန်းလမ်းခရီးဖြင့် ခရီးပေါက်သော ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်ပေးထားသည်။

ပြည်နယ်နှင့်တိုင်းအားလုံးသို့ ဖြန့်ကြက်ရောက်ရှိစေမည့် နိုင်ငံတော်ရထားလမ်းကွန်ရက်ကြီးကိုလည်း ဖောက်လုပ်လျက်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကဲ့သို့ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။

နေပြည်တော်ကိုဗဟိုပြု၍ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ လွယ်ကူစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်ခဲ့ပြီး ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။

တပ်မတော်အစိုးရလက်ထက် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးသော ပေ၁၈၀နှင့်အထက်တံတား ယနေ့အထိ ၂၂၈စင်းရှိပြီးဖြစ်ရာ ပြည်ထောင်စုတစ်ဝန်း အချိန်တိုအတွင်း လွယ်လင့်တကူ သွားလာနိုင်ရုံမျှမက နယ်စပ်ဒေသများပါမကျန် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေခဲ့ပြီဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အတွက် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် လမ်းမကြီးများ၊ တံတားများ၊ ရထားလမ်းများကို နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း ရေရှည်အသုံးပြုနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီ ရုပ်မြင်သံကြား

၂၁-၈-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅ ၅။ မဟာဂီတချိုကြည်မြ
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၃၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၅၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၅ ၁၄။ 'ရွှာ' ဟာသဇာတ်လမ်းတွဲ **ကိုယ်တွေ့**
၆း၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ ၁၆။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၈၂)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ စိုက်ပျိုးသုတ
၂၁။ ရှင်သန်နေသောသီချင်းများ (Living Songs) **အတွေ့မဲ့အဖြူရောင်နေ့ရက်များ** (အပိုင်း-၁)
၂၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျန်ကျောင်း** (ဇာတ်သိမ်းပိုင်း)
၂၅။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ (အပိုင်း-၁၉)

အမှတ်(၃)သတ္တုတွင်းလုပ်ငန်းနှင့် မက်စ်မြန်မာကုမ္ပဏီအုပ်စုတို့ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆို

နေပြည်တော် ဩဂုတ် ၂၀

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်းနှင့် မက်စ်မြန်မာကုမ္ပဏီအုပ်စုတို့သည် နေပြည်တော်လယ်ဝေးတောင်ဖီလာဒေသတွင်တည်ဆောက်မည့် တစ်ရက်လျှင် တန် ၅၀၀ကျ ဘိလပ်မြေစက်ရုံ၌ အသုံးပြုရန်အတွက် ထုံးကျောက်အကြီးစား ပူးပေါင်းထုတ်လုပ်မှု လုပ်ငန်းသဘောတူစာချုပ်ကို ဩဂုတ် ၁၈ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးကြသည်။

တက်ရောက်

အဆိုပါ စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မက်စ်မြန်မာကုမ္ပဏီအုပ်စု မန်နေဂျင်း ဒါရိုက်တာ ဦးဇော်ဇော်၊ ဒါရိုက်တာ ဦးအုန်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၈-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+အာဋာနာဋိယသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **ကြေးမုံပြင်နှင့်တူသော ဓမ္မ** တရားတော် (ဘဒ္ဒန္တစန္ဒသေန သုညတဓမ္မဆရာတော်)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၄)
၈း၃၀ Movie Talk ဒါရိုက်တာကြည်စိုးထွန်း၊ ဂျော်လီဆွေ (အပိုင်း-၁)
၉း၂၀ Sports World (Football Free Style)
၉း၄၅ မျှဝေခံစားပီတိစကားသံများ (ဦးချူသန်း အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရနှင့် တွေ့ဆုံခြင်း)
၁၀း၀၅ အဖိုးမဖြတ်နိုင်သော အမွေ (ဒါရိုက်တာ-အေဝမ်းသန်းထွဋ်)
၁၀း၂၅ ဒို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
၁၀း၄၀ Make in a Delicious Way (စပိန်အစားအစာပြုလုပ်နည်း)
၁၁း၀၅ အလင်းဖြင့် ဆေးခြယ်သူ
၁၁း၃၀ ကန္တရဝတီ၏ ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာဆီသို့…
၁၁း၄၅ တေးဂီတအစီအစဉ်
၁၁း၅၅ ဖက်ရှင်လမ်းညွှန် (2010 Calendar)
၁၂း၁၅ မြွေကိုက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အကြောင်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာခင်သီတာလွင်)
၁း၀၀ **ကြေးမုံပြင်နှင့်တူသော ဓမ္မ** တရားတော် (ဘဒ္ဒန္တစန္ဒသေန သုညတဓမ္မဆရာတော်)
၂း၀၀ MRTV-4 သတင်း
၂း၄၅ ဈေးဝယ်လမ်းညွှန် (Silk & Style House of Exclusive Silk Fabrics)
၃း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၃း၃၅ မော်လမြိုင်ကျွန်း လှိုင်းဘုန်း သစ်ပုတ် ကွင်းပေါက် ပြင်စလူ လမ်းတစ်လျှောက်တွင်ရှိသော လမ်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ
၃း၅၀ Music Talk (သီတာရတနာ)
၄း၀၅ ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၄း၁၅ VJ Choice
၄း၄၅ အဖိုးမဖြတ်နိုင်သော အမွေ (ဒါရိုက်တာ-အေဝမ်းသန်းထွဋ်)
၅း၀၀ မျှဝေခံစားပီတိစကားသံများ (ဦးချူသန်း အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရနှင့် တွေ့ဆုံခြင်း)
၅း၂၀ Science Tech Today
၅း၃၅ သူတို့ပြောတဲ့ သူတို့အကြောင်း နိုင်ဇော် (Lazy Club) နှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
၆း၀၀ MRTV-4 သတင်း
၆း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Spa My Way)
၆း၄၀ ဖက်ရှင်လမ်းညွှန် (2010 Calendar)
၇း၀၀ Make in a Delicious Way (စပိန်အစားအစာပြုလုပ်နည်း)
၇း၂၀ VJ Choice
၇း၄၅ မော်လမြိုင်ကျွန်းလှိုင်းဘုန်း သစ်ပုတ်ကွင်းပေါက် ပြင်စလူ လမ်းတစ်လျှောက်တွင်ရှိသော လမ်းနှင့်တံတားတည်ဆောက်ခြင်း လုပ်ငန်းများ
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဈေးဝယ်လမ်းညွှန် (Silk & Style House of Exclusive Silk Fabrics)
၉း၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း နိုင်ဇော်(Lazy Club) နှင့် တွေ့ဆုံခြင်း(အပိုင်း-၂)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၄)
၁၀း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁း၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၀၀ တီကောင်စွန့်ပစ်ဩဂဲနစ်
၁၂း၁၅ မြွေကိုက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အကြောင်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာခင်သီတာလွင်)
၁၂း၅၀ လှပသစ်ဆန်းအလှပြင်ခန်း (Spa My Way)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ခရိုင်အဆင့် အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပုသိမ်အထက(၁)တွင် ကျင်းပ

ပုသိမ် ဩဂုတ် ၂၀

ပုသိမ်ခရိုင် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၁၄ရက် နံနက် ၁၀နာရီက ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက ဦးသန်းမြင့်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဖျော်ဖြေတင်ဆက်

ထို့နောက် ပြိုင်ပွဲဝင်အနုပညာရှင်များက ညှော့ခံဖျော်ဖြေတင်ဆက်၍ ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ပြိုင်ပွဲဝင်အနုပညာရှင်၊ ဝါသနာရှင်များတက်ရောက်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲကို ဩဂုတ် ၁၄ရက်မှ ၁၆ရက်အထိ ကျင်းပ၍ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ရန်ကုန်အရှေ့ပိုင်းခရိုင် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၆ရက်က ရန်ကင်းမြို့နယ် ပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးသန်းအောင်က မြို့နယ်အလိုက် ပထမဆုရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြိုင်ပွဲဝင်များကိုယ်စား မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုနိုင်အား ဆုချီးမြှင့်စဉ်။ (၁၂၁)

အထက(၁)ရန်ကင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၀

အထက(၁) ရန်ကင်း ကျောင်းသား ကျောင်းသူဟောင်းများ၏(၁၉၆၂-၁၉၈၂) ခုနှစ်အတွင်း ၎င်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ယနေ့တိုင် သက်ရှိထင်ရှားရှိလျက် သက်ပြည့်အငြိမ်းစားဘဝနှင့် ရပ်တည်နေကြသော ဆရာကြီး၊ ဆရာမကြီးများအား နှစ်စဉ်မပျက် (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက(၁) ရန်ကင်း သီရိရတနာခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။

အလှူငွေကောက်ခံခြင်းကို စက်တင်ဘာ ၅ရက်(စနေနေ့)မှစတင်၍ အပတ်စဉ် စနေ/တနင်္ဂနွေနေ့တိုင်း (လိုက်လံ) ကောက်ခံသွားမည်ဖြစ်ကြောင်း အထက (၁) ရန်ကင်း ကျောင်းသား ကျောင်းသူဟောင်းများသို့ အသိပေးနှိုးဆော်ထားပြီးဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးဇေယျာကို (ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁-၆၇၅၅၆၊ ဗိုလ်ကြီး တင်မောင်အေး(ငြိမ်း)(ဒုတိယဥက္ကဋ္ဌ) ဖုန်း- ၀၉-၅၂-၀၀၂၀၀၊ ဦးအောင်ခိုင် (ဒု-ဥက္ကဋ္ဌ) ၀၁-၅၇၀၀၈၉၊ ဦးစိုးမြင့် (အတွင်းရေးမှူး) ဖုန်း-၀၉-၅၀-၆၃၈၈၉၊ ဦးခင်မောင်လှိုင် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀-၄၀၉၉၇၊ ဒေါ်ခင်မြတ်သက်(စာရင်းစစ်) ဖုန်း-၀၉ - ၈၀-၂၄၉၃၀တို့သို့ ဆက်သွယ်စုံစမ်းပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

အရောင်းဆိုင်များ ကြည့်ရှုအားပေး

ဩဂုတ်၂၀ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ Yangon Expo' 2009 ဖွင့်ပွဲတွင် ကုမ္ပဏီများနှင့် လုပ်ငန်းများက ဖွင့်လှစ်ပြသရောင်းချလျက်ရှိသော အရောင်းဆိုင်များကို ကြည့်ရှုအားပေးစဉ်။

(သတင်းရှေ့ဖုံး) (သတင်းစဉ်)

အရွယ်သုံးပါး မိန်းမသား၊ အလှဝေဖြာမေမြန်မာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲမှတ်တမ်းခွေများ ထုတ်လုပ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော အရွယ်သုံးပါးမိန်းမသား၊ အလှဝေဖြာ မေမြန်မာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲမှတ်တမ်း DVD,VCD ခွေများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဩဂုတ် ၂၄ရက် (တနင်္လာနေ့)တွင် မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝိုင်းမော်စည်ပင်သာယာ မြေယာရှင်းလင်းဆောင်ရွက်

ဝိုင်းမော် ဩဂုတ် ၂၀

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးယုန်ဖု ဦးဆောင်သော အဖွဲ့ဝန်ထမ်းများသည် ဝိုင်းမော်မြို့ ဧရာ-ဝါးရှောင် လမ်းဘေးဝဲယာတွင် မြေယာရှင်းလင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးကကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

နိုင်ငံခြားရေး ဒုတိယဝန်ကြီးဦးမောင်မြင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၉၇ရှိ ကိုရီးယားသမ္မတနိုင်ငံသံရုံးသို့ သွားရောက်၍ ဩဂုတ် ၁၈ရက်တွင် ကွယ်လွန်သွားခဲ့သော ကိုရီးယားသမ္မတနိုင်ငံ၊ သမ္မတဟောင်း Mr. Kim Dae-June အတွက် ဖွင့်လှစ်ထားရှိသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ထက်မြက်သွက်လက်လာမည့် မီဒီယာမျိုးဆက်သစ်များ

သတင်းမြင်ကွင်း-မိုးမြင့်လင်းလက် ၊ ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်) ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း

ရန်ကုန် ဩဂုတ် ၂၀

ယနေ့ခေတ်ကား သတင်းမီဒီယာကဏ္ဍ ရှေ့တန်းရောက်လာသည်။ ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများကြောင့် ကမ္ဘာတစ်ဝန်း၌ ဖြစ်ပျက်နေသည့်သတင်းများ စက္ကန့်ပိုင်းအတွင်း မည်သည့်နေရာမှမဆို သိရှိနေရပြီဖြစ်ရာ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်လာခဲ့ပေပြီ။

အများအပြား

ထို့ကြောင့် မြန်မာ့မီဒီယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်ခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုကြောင့် မဂ္ဂဇင်းဂျာနယ်နှင့် စာစောင်အသစ်အများအပြားထွက်ပေါ်လာသည်။

မီဒီယာသင်တန်း

ထို့အတူ ပြည်ထောင်စုတစ်ဝန်း နယ်စပ်ဒေသများပါမကျန် မီဒီယာဖြန့်ကြက်နိုင်စေရန်နှင့် မိမိတို့မီဒီယာများ ထက်မြက်သွက်လက်ပြီး အရည်အသွေး မြင့်မားစေရန်စသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို လက်တွေ့ အကောင်အထည်ဖော်သည့် အနေဖြင့်မီဒီယာသင်တန်းများဖွင့်လှစ်ပို့ချခဲ့သည်။

သတင်းအတတ်ပညာ

တစ်ဖန် ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ သတင်းအတတ်ပညာ (ဝိဇ္ဇာဘွဲ့)ပေးအပ်နိုင်ရေးအတွက် ၂၀၀၈-၂၀၀၉ပညာသင်နှစ် မှစ၍ ပထမနှစ်သင်တန်းကို ဖွင့်လှစ် သင်ကြားပေးခဲ့သည်။ ယခုနှစ်တွင် ပထမနှစ်၌ ကျောင်းသား ကျောင်းသူ ၄၁ဦး တက်ရောက်သင်ကြားနေပြီဖြစ်၍ ဒုတိယနှစ်၌လည်း ကျောင်းသား ကျောင်းသူ ၄၅ဦးတက်ရောက်သင်ကြားလျက်ရှိကြသည်။

လက်တွေ့လေ့လာ

ခေတ်နှင့်အညီ ထက်မြက်သွက်လက်သော မီဒီယာသမားကောင်းများ ဖြစ်စေရေးအတွက် စာတွေ့သာမက လက်တွေ့နယ်ပယ်၌ သတင်းရယူမှု၊ သတင်းဓာတ်ပုံ ရိုက်ကူးမှု၊ သတင်းဆောင်းပါးရေးသားမှုနှင့် တွေ့ဆုံမေးမြန်း သတင်းရယူမှု များကို လက်တွေ့လေ့လာဆည်းပူးမှု ပြုလုပ်လျက် ရှိနေကြသည်ကို တွေ့မြင်နေကြရပြီဖြစ်သည်။

တက်တက်ကြွကြွ

ဩဂုတ် ၂၀ရက်က ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဒုတိယအကြိမ် ရန်ကုန်ကုန်စည်ပြပွဲ-၂၀၀၉ ဖွင့်လှစ်ရာသို့ သတင်းအတတ်ပညာ (ဝိဇ္ဇာဘွဲ့)ပထမနှစ် ကျောင်းသား ကျောင်းသူများ သွားရောက်ကာ လက်တွေ့သတင်းရယူမှု၊ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်နေကြသည်ကို တွေ့မြင်ရ၍ မီဒီယာမျိုးဆက်သစ်များ မွေးထုတ်ပေးမှုအပေါ် အားရကျေနပ်မှု ဖြစ်ခဲ့ရသည်။ လူငယ်များပီပီ တက်တက်ကြွကြွလည်းရှိကြသည်။

ထို့အတူ မကြာမီက သင်တန်းဆင်းခဲ့သော မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် စာနယ်ဇင်းသင်တန်းအမှတ်စဉ်(၂/၂၀၀၉)၌လည်း ဂျာနယ်၊ မဂ္ဂဇင်းအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၅၁ဦး တက်ရောက်လေ့လာသင်ကြားခဲ့ကြသည်။ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်သင်ကြားကာ ကိုယ်တိုင် သတင်းစာထုတ်လုပ်သည်အထိ ဆောင်ရွက်ခဲ့ကြသဖြင့် လက်တွေ့မီဒီယာနယ်ပယ်တွင် လုပ်ကိုင်နေကြသူများ အရည်အသွေး တိုးတက်မြင့်မားစေခဲ့သည်။

တစ်ဖန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၌သတင်းစာပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်ဖြစ်ရာ အင်အားကောင်းပြီး ထူးချွန်ထက်မြက်သည့် မီဒီယာမျိုးဆက်သစ်များ အဆက်မပြတ်စေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

*ထိုသို့သော အရည်အချင်းပြည့်ဝသည့် မီဒီယာမျိုးဆက်သစ်များက မိမိတို့နိုင်ငံအပေါ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ မီဒီယာထိုးနှက်ချက်ကို ကာကွယ်တားဆီးချေမှုန်းနိုင်ရန်နှင့် မီဒီယာထိုးစစ်အပေါ် တန်ပြန်မီဒီယာထိုးစစ်ကို အဓိကထား ဆောင်ရွက်နိုင်ရေး ထက်မြက်သွက်လက်စွာ စွမ်းဆောင်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။ **(မြန်မာ့အလင်း)***

ရန်ကုန် ကုန်စည်ပြပွဲ -၂၀၀၉တွင် သတင်းအတတ်ပညာ(ဝိဇ္ဇာဘွဲ့) ပထမနှစ် ကျောင်းသား ကျောင်းသူများသွားရောက်ကာ လက်တွေ့သတင်းရယူမှု၊ တွေ့ဆုံမေးမြန်းမှုများပြုလုပ်ကြစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ခန္ဓာကိုယ်အနေအထားမှန်ကန်စွာ မအိပ်စက်ခဲ့လျှင် ရုတ်တရက်ထပါက ဦးနှောက်သွေးကြောပြတ်နိုင်ဟုဆို

နေ့စဉ်လူတို့ ညအချိန်အိပ်စက်ရာတွင် ဘေးတစောင်းအနေအထားဖြင့် အိပ်ခြင်းသည်သာ ကျန်းမာရေးနှင့် ညီညွတ်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

ပုံမှန်

ဘေးတစောင်း အနေအထားဖြင့် အိပ်စက်ခြင်းသည် နှလုံးကိုထိခိုက်မှု မရှိစေသည့်အပြင် ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်စီးဆင်းမှုကို ပုံမှန်ဖြစ်စေကြောင်းသိရသည်။ ထို့အပြင် ဦးနှောက်အတွင်း သွေးစီးဆင်းမှုမှာလည်း မှန်ကန်မှုရှိစေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။

သွေးကြောပြတ်

ပက်လက်သို့မဟုတ် မှောက်လျက်အနေအထားဖြင့် အိပ်စက်ပါက နှလုံး၏ လုပ်ငန်းစဉ်ကို ထိခိုက်မှုဖြစ်စေပြီး ယင်းသို့ အနေအထားသည် နှလုံးသွေးစီးဆင်းမှုကို ပျက်ယွင်းမှု ဖြစ်စေသည်ဟု သိရသည်။ ထို့အပြင် ဦးနှောက်သွေးကြောများ တင်းမာမှုဖြစ်စေရာ အိပ်ရာမှ ရုတ်တရက်ထလိုက်ပါက ဦးနှောက်သွေးကြောပြတ်မှုဖြစ်ပွားနိုင်သည်ဟုလည်း သိရသည်။

ထို့ကြောင့် ညစဉ်အိပ်စက်ပါက ခန္ဓာကိုယ်အနေအထားမှန်ကန်စွာ အိပ်စက်အနားယူသင့်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ ။

မြစ်ရေကြီးမှု အခြေအနေ

ရန်ကုန် ဩဂုတ် ၂၀

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲတိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၁၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၅ စင်တီမီတာ (တစ်ပေခွဲ) ခန့်ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၀-၈-၂၀၀၉

နေပြည်တော်	၁ဒသမ ၁၈ လက်မ
ခန္တီး	၃ဒသမ ၃၁ လက်မ
မြိတ်	၂ဒသမ ၇၆ လက်မ
ပူတာအို	၁ဒသမ ၇၃ လက်မ
ဖြူး	၁ဒသမ ၅၇ လက်မ
ကန့်ဘလူ	၁ဒသမ ၄၆ လက်မ
အမ်း	၁ဒသမ ၄၂ လက်မ
မိုးကုတ်	၁ဒသမ ၃၇ လက်မ
မကွေး	၀ဒသမ ၇၈ လက်မ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ်၂၀ရက်က တွေ့ရစဉ်။ (ယင်းဗုံးပေါက်ကွဲမှုတွင် ၅၆၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်) (အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်-ဂျပန် စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

ဟန်နွိုင်း ဩဂုတ် ၂၀

ဗီယက်နမ်အစိုးရနှင့် ဂျပန်အစိုးရတို့သည် အရန်စက်မှုလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် သဘောတူခဲ့ကြောင်း ဗီယက်နမ်အီကော် နောမစ်တိုင်းမ်သတင်းစာက ဖော်ပြသည်။

မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် ဗီယက်နမ်-ဂျပန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတွင် ယင်းသို့ သဘောတူခဲ့ကြခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးကြောင့် ဗီယက်နမ်နှင့် ဂျပန်ကုမ္ပဏီများ ပါဝင်လာစေသည်ဟု ဆိုသည်။

ရင်းနှီးမြှုပ်နှံ

ဂျပန်အစိုးရအနေဖြင့် အရန်စက်မှုကုန်ထုတ်နှင့် စပ်လျဉ်းသည့် နည်းပညာရပ်ကို ဗီယက်နမ်ကုမ္ပဏီများသို့ လက်ဆင့်ကမ်း ပေးသွားမည်ဖြစ်သည်။ ယခုနှစ် ပထမခြောက်လအတွင်းမှာပင် ဗီယက်နမ်လုပ်ငန်း ၃၅ခုတွင် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ၅၄ သန်း ရင်းနှီးမြှုပ်နှံကြောင်း သိရသည်။ (အင်တာနက်)

ဂျပန်၌ A(H1N1) ဖြစ်သူ ၆၀၀၀၀ခန့်ရှိ

တိုကျို ဩဂုတ် ၂၀

ဂျပန်နိုင်ငံတွင်A(H1N1) တုပ်ကွေးရောဂါ စတင်ပျံ့နှံ့နေပြီဖြစ်ကြောင်း အစိုးရက ကြေညာစဉ် A(H1N1) တုပ်ကွေးရောဂါဖြင့် အသက် ၈၀ကျော် အဘွားအိုတစ်ဦး ထပ်မံသေဆုံးသွားသည်ဟု ဩဂုတ် ၁၉ရက်၌ အတည်ပြုကြေညာသည်။

ဖော်ပြပါရှိ

ဂျပန်နိုင်ငံတစ်ဝန်း A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေ ၆၀၀၀၀ခန့် ရှိသည်ဟု ဩဂုတ် ၁၈ ရက်က ခန့်မှန်းပြီး A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူမှာ ယခုအခါ သုံးဦးရှိသွားပြီဟု ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ခြင်္သေ့ပေါက်ကလေး

ဒိုမီနီကန်သမ္မတနိုင်ငံ ဆန်တိုဒိုမန်ဂိုမြို့ရှိ အမျိုးသားတိရစ္ဆာန်ဥယျာဉ်တွင် တစ်လသားအရွယ်ရှိ ခြင်္သေ့ပေါက်ကလေး သုံးကောင်ကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လိုင်ဘေးရီးယား၌ လုံခြုံရေးအရ အန္တရာယ်ရှိနေဆဲ

ဂျီနီဗာ ဩဂုတ် ၂၀

လိုင်ဘေးရီးယားနိုင်ငံ၌ ၁၀ စုနှစ်တစ်စုကျော်ကြာ ပြည်တွင်းစစ် ဖြစ်ပွားပြီးနောက် ငြိမ်းချမ်းရေးတည်ဆောက်မှု တိုးတက်လျက်ရှိကြောင်း၊ သို့ရာတွင် တိုးတက်မှုနှောင့်နှေးနေကြောင်း၊ အထူးသဖြင့် နိုင်ငံ၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးမှုနှင့် လုပ်ငန်းဖန်တီးပေးမှုတို့တွင် ခြိမ်းခြောက်မှုများဖြင့် ယခုထက်တိုင် ရင်ဆိုင်နေရသေးကြောင်း ကုလသမဂ္ဂက ဩဂုတ် ၁၇ရက်၌ ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

ကြိုးပမ်း

လိုင်ဘေးရီးယားအစိုးရက နိုင်ငံ၏ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတိုးတက်မှုရရှိစေရန် ကြိုးပမ်းနိုင်ခဲ့သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အစီရင်ခံရာတွင် ဖော်ပြထားသည်။

ဆောင်ရွက်

၂၀၀၃ ခုနှစ်တွင် စစ်မက်တိုက်ခိုက်နေသည့်အဖွဲ့များအတွင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိပြီးနောက် လိုင်ဘေးရီးယားရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့က ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရရှိစေရန် အရေးပါသည့်ကဏ္ဍမှ ဆောင်ရွက်ပေးခဲ့သည်ဟု အစီရင်ခံစာတွင် ပါရှိသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဂျီနီဗာ၌ လက်ဝတ်ရတနာဆိုင် အနုကြမ်းစီးခံရ

ဂျီနီဗာ ဩဂုတ် ၂၀

သေနတ်သမားလေးဦးက ဂျီနီဗာမြို့၏ နာမည်ကျော်လမ်းမကြီးပေါ်ရှိ လက်ဝတ်ရတနာဆိုင်သို့ ဝင်ရောက် အနုကြမ်းစီးပြီး ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသော ရတနာများကို မော်တော်ဆိုင်ကယ်စီး၍ ထွက်ပြေးသွားကြောင်း ဆိုင်ပိုင်ရှင်က ဩဂုတ် ၁၈ရက်တွင် ပြောကြားသည်။

လုယူ

၄င်းသေနတ်သမားများက ချာတီလာ လက်ဝတ်ရတနာဆိုင်သို့ ဩဂုတ် ၁၇ရက် မွန်းလွဲပိုင်းက ရောက်ရှိလာကာ လက်ဝတ်ရတနာပြထားသည့်အခန်းမှ မှန်ကိုရိုက်ခွဲပြီး လုယူခဲ့ခြင်းဖြစ်သည်။

ထုတ်ပြန်

ဆိုင်ဝန်ထမ်းတစ်ဦးက အရေးပေါ် အချက်ပြ ခလုတ်ဖွင့်ကြောင်း၊ သို့ရာတွင် သေနတ်သမားများ ထွက်ပြေးလွတ်မြောက်သွားကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာမှ လက်ဗွေရာနှင့် ဒီအင်န်အေ စစ်ဆေးရန် ကြိုးပမ်းလျက်ရှိသည်။

၄င်းသေနတ်သမားများသည် လက်ဝတ် ရတနာလုယူသည့် နိုင်ငံတကာမှ နာမည်ကြီး ပင်ပင်သာဂိုဏ်းနှင့်ဆက်သွယ်မှု မရှိဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ဩစတြေးလျ-တရုတ် သဘာဝဓာတ်ငွေ့ ပူးပေါင်းဆောင်ရွက်

ကင်ဘာရာ ဩဂုတ် ၂၀

ဩစတြေးလျနှင့် တရုတ်နှစ်နိုင်ငံတို့သည် အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ သဘာဝဓာတ်ငွေ့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ဩဂုတ် ၁၉ရက်၌ ချုပ်ဆိုလိုက်ကြောင်း ဩစတြေးလျအစိုးရက သတင်းထုတ်ပြန်သည်။

သဘောတူ

ဩစတြေးလျနိုင်ငံအနောက်ပိုင်းရှိ ဂေါ်ဂွန်သဘာဝဓာတ်ငွေ့ တူးဖော်ရေးစီမံကိန်းကို တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် အိပ်စ်ဇွန်မိုဘယ်ကုမ္ပဏီထံမှ သဘာဝဓာတ်ငွေ့အရည်များကို တရုတ်ကုမ္ပဏီကဝယ်ယူရန် သဘောတူထားကြောင်း သိရသည်။

ဖမ်းဆီး

ဩစတြေးလျသမိုင်းတွင် တရုတ်နိုင်ငံနှင့်ချုပ်ဆိုသည့် ယင်းစာချုပ်မှာ နှစ်နိုင်ငံစာချုပ်များတွင် ကုန်သွယ်မှုပမာဏအများဆုံး စာချုပ်ဖြစ်ကြောင်း ဩစတြေးလျ ကုန်သွယ်ရေးဝန်ကြီး ဆိုင်မွန်ခရင်းက ပြောကြားသည်။ **(အင်တာနက်)**

အပြည်ပြည်ဆိုင်ရာကားပြပွဲ

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ဒါလင်းမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာကားပြပွဲတွင် ခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှုနေသည်ကို ဩဂုတ်၂၀ ရက်က စည်ကားသိုက်မြိုက်စွာ တွေ့ရစဉ်။ (အဆိုပါကားပြပွဲတွင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီ ၅၃၀ပါဝင်ပြသကြသည်။) **(အင်တာနက်ဓာတ်ပုံ)**

ဖိလစ်ပိုင်တပ်ဖွဲ့ ထိုးစစ်ဆင်နွှဲ စစ်သွေးကြွ နှစ်ဦး သေဆုံး

မနီလာ ဩဂုတ် ၂၀

ဖိလစ်ပိုင်နိုင်ငံ ပါလာဝန်ပြည်နယ်ရှိ မွန်တာဂူလီကျွန်းပေါ်တွင် ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့နှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားရာ စစ်သွေးကြွနှစ်ဦး သေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဖမ်းဆီး

စစ်သွေးကြွများသည် ပြီးခဲ့သည့် ဩဂုတ် ၁၅ရက်မှစတင်၍ ယင်းဒေသရှိ ကျေးရွာများကို စီးနင်းတိုက်ခိုက်ကာ သိမ်းပိုက်ထားသည်ဟု သိရသည်။ တိုက်ပွဲတွင် အစိုးရတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိမှုမရှိဘဲ စစ်သွေးကြွနှစ်ဦးကိုလည်း ဖမ်းဆီးရမိကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

(အင်တာနက်)

ဆိုမာလီအစိုးရလိုလားသောအုပ်စု နောက်ထပ်မြို့တစ်မြို့ ထပ်မံသိမ်းပိုက်

မိုဂါဒစ်ရှူး ဩဂုတ် ၂၀

ဆိုမာလီအစိုးရလိုလားသည့် အင်အားစုက အယ်လ်ရှာဘက်အမည်ရှိ သောင်းကျန်းသူများထံမှ နယ်စပ်မြို့ ဝက်ဘ်ဟိုကို ဩဂုတ် ၁၈ ရက်က သိမ်းပိုက်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သဘောထားပျော့ပျောင်းသည့် အစိုးရလိုလားသော အလူဆွန်နာဝါဂျာမီယာ အုပ်စုသည် အယ်လ်ရှာဘက်သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် ဂယ်ဂါဒက်ပြည်နယ်မှ မြို့ငယ်တစ်မြို့ကို သိမ်းပိုက်ခြင်းဖြစ်သည်ဟု မိုဂါဒစ်ရှူးရှိ ဒေသခံရေဒီယိုက ဖော်ပြသည်။

တိုက်ခိုက်

အစိုးရလိုလားသည့် အင်အားစုများသည် အယ်လ်ရှာဘက်သောင်းကျန်းသူများနှင့် တိုက်ခိုက်ကြရာ ထိခိုက်ဆုံးရှုံးမှု အများအပြားရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သရုပ်ပြပျံသန်း

ရုရှားနိုင်ငံ မော်စကိုမြို့တွင် နိုင်ငံတကာလေကြောင်းပြပွဲ၌ အီတလီလေတပ်မှ လေယာဉ်များ သရုပ်ပြပျံသန်းနေသည်ကို ဩဂုတ်၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ဂျပန်နိုင်ငံ နာဟာမြို့၌ ရေလွှမ်းမှုဖြစ်ပွား

ဂျပန်နိုင်ငံ အိုကီနာဝါစီရင်စုရှိ နာဟာမြို့တွင် ဩဂုတ် ၂၀ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ ရေလွှမ်းမှုများဖြစ်ပွားသဖြင့် လေးဦးသေဆုံးခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

နယ်သာလန်နိုင်ငံ ကမ်ပန်မြို့၌ မီးလောင်မှုဖြစ်ပွား၍ လေးဦးသေဆုံး

နယ်သာလန်နိုင်ငံ ကမ်ပန်မြို့တွင် ဩဂုတ် ၂၀ ရက်က မီးလောင်မှုဖြစ်ပွားရာ ကလေးငယ်လေးဦး သေဆုံးပြီး နေအိမ်အချို့ မီးဘေးသင့်ခံခဲ့ရကြောင်း ကမ်ပန်မြို့ မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

အီလီနွိုက်ပြည်နယ်၌ မုန်တိုင်းမွှေနှောက်

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် နေရာဒေသအချို့နှင့် ချီကာဂိုမြို့တို့၌ ဩဂုတ် ၂၀ရက်က လေပြင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ရာ နေအိမ်များ ပျက်စီးပြီး ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဆက်လက်၍ လေဆင်နှာမောင်း တိုက်ခတ်နိုင်သဖြင့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း အမေရိကန် အမျိုးသား မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

မောင်းသူမဲ့လေယာဉ်များ ပါကစ္စတန် ထုတ်လုပ်မည်

ပါကစ္စတန်နိုင်ငံသည် အီတလီမှ ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းကာ မောင်းသူမဲ့ လေယာဉ်များထုတ်လုပ်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပါကစ္စတန် လေတပ် အရာရှိများက ဩဂုတ် ၂၀ရက်၌ ပြောကြားသည်။

ပေကျင်း-ရှန်ဟိုင်း အမြန်လမ်းဖောက်လုပ်ရေး၌ ဝန်ချီစက်ပြိုလဲကျခဲ့

တရုတ်နိုင်ငံရှိ ပေကျင်း-ရှန်ဟိုင်း အမြန်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်တွင် ဩဂုတ် ၂၀ရက်က ၁၀တန်လေးသော ဝန်ချီစက်တစ်ခု ပြိုလဲကျခဲ့ရာ အလုပ်သမားလေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရထားလမ်းဖောက်လုပ်ရေး အင်ဂျင်နီယာများက ပြောကြားသည်။

ရုရှားမှ ခေတ်မီတိုက်လေယာဉ်များ အီရန်သို့ရောင်းချမည်

ရုရှားနိုင်ငံက ခေတ်မီတိုက်လေယာဉ်များ၊ ဖိုးကြဲလေယာဉ်များနှင့် ဒုံးကျည်များကို အီရန်နိုင်ငံသို့ ရောင်းချမည်ဖြစ်ကြောင်း၊ ထို့အပြင် ပစ်မှတ် ၁၀၀ကို ပစ်ခတ်နိုင်စွမ်းရှိသော ဒုံးကျည်ပစ်စနစ်များလည်းပါရှိကြောင်း အီရန်စစ်ဘက်အရာရှိများက ဩဂုတ် ၂၀ရက်၌ ပြောကြားသည်။ ***(အပေါ်ပုံ)***

အာသံပြည်နယ်၌ မိုးသည်းထန်ရေလွှမ်း ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံး

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ဩဂုတ် ၂၀ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ရေလွှမ်းမှုများဖြစ်ပွားပြီး ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း အာသံပြည်နယ် စိုက်ပျိုးရေးအရာရှိများက ပြောကြားသည်။

(အင်တာနက်)

■ ***ရှေ့ဖုံးမှ***

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ပြီးစီးမှု အခြေအနေများနှင့် မြစ်ကြီးနားတပ်နယ်၌ စိုက်ပျိုးထားသော ပီလောပီနံစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မော်ဖောင်းတံတား ကြံ့ခိုင်မှုအခြေအနေ၊ မိုးကောင်းမြို့နယ် မြတောင်ကျေးရွာ တောင်သူဦးမောင်ညွှန့်၏ လယ်မြေ၌ မြေဩဇာကြဲပက်နေမှုနှင့် ရွှေဘို-မြစ်ကြီးနားလမ်း နန့်ခွင်တံတား တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရုံးနှင့်ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက မိမိတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်အောင် တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးက ဟိုပင်မြို့ ဆေးရုံနှင့်လုံးတုံတိုက်နယ်ဆေးရုံတို့အတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဟိုပင်မြို့နယ် ဆေးရုံအုပ်ကြီးက လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကချင်ပြည်နယ် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကုန်သည်/စက်မှု အသင်းချုပ်နှင့် ပြည်ပကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် ဖိတ်ကြားထားသောပုဂ္ဂိုလ်များအား Mr.Kevin R.Thieneman, (President, Caterpillar Asia Pte Ltd., Singapore)၊ Mr.Sumit Mazumder, (Vice Chairman & Managing Director, TIL Tractors India, Kolkata) နှင့် Mr. Heinz Ludi, (General Manager, Myanmar Tractors Ltd.) တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၇ရက်က ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

(သတင်းစဉ်)

အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အားကစားသမားများအား တွေ့ဆုံအားပေး

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးသည် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ ဗဟိုလုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်မေဦး၊ ဒေါက်တာဒေါ်ပင်ဒိုရာအောင်ကြီး၊ ဒေါက်တာဒေါ်ရီရီသိန်း၊ ဒေါ်နုနုရီနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၁၀နာရီက အောင်ဆန်းကစားပြိုင်ဝင်း၌ စခန်းဝင်လေ့ကျင့်နေသည့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့၊ ပြေးခုန်ပစ်အဖွဲ့နှင့် အလေးမအဖွဲ့များမှ အားကစားသမားများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များက မြန်မာ့လက်ရွေးစင် အားကစားသမားများ အင်အားဖြည့် စားသောက်နိုင်ရန်အတွက် ကရာတေးဒိုအဖွဲ့သို့ ငွေကျပ်သုံးသိန်း၊ ပြေးခုန်ပစ်အဖွဲ့သို့ ငွေကျပ်လေးသိန်းနှင့် အလေးမအဖွဲ့သို့ ငွေကျပ်နှစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။ **(အောက်ပုံ)**

(အမျိုးသမီးအားကစားအဖွဲ့ချုပ်)

● ***ကျောဖုံးမှ***

လူနာအမျိုးသားနှင့်အတူ စီးနင်းလိုက်ပါလာသည့် MI-520 လေယာဉ်စီးခရီးသည် ၁၂၈ဦးနှင့် လေဆိပ်ဝန်ထမ်း ၁၃၁ဦးအား ၎င်းတို့နေထိုင်ရာ နေရာများသို့ သက်ဆိုင်ရာက တုပ်ကွေးရောဂါလက္ခဏာ ရှိ မရှိ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ရောဂါပျောက်ကင်း

ယနေ့ ဩဂုတ် ၂၀ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှာ ရောဂါပျောက်ကင်းပြီဖြစ်၍ ဆေးရုံမှဆင်းပေးလိုက်ကြောင်း၊ ၎င်းလူနာနှင့် ထိတွေ့ခဲ့သော မိသားစုဝင်ငါးဦးအား နေအိမ်စောင့်ကြပ်ကြည့်ရှုခြင်းကိုလည်း ရပ်ဆိုင်းပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသူ ၂၄ဦးရှိပြီး ၁၉ဦးမှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှဆင်းပေးပြီးဖြစ်ကြောင်း၊ ကျန်လူနာငါးဦးကိုလည်း အထူးကုဆရာဝန်ကြီးများက စနစ်တကျ ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါပိုး New Influenza A(H1N1) ဟု သံသယရှိသူ ၁၈၁ဦးအား ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိသူ ၂၄ဦးရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုတ်သုံလေ ဆက်လက်အားနည်းနေမည်

ရန်ကုန် ဩဂုတ် ၂၀

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

ဩဂုတ် ၂၁ ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားနည်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

The Live News ဂျာနယ် အမှတ် ၁၄၃ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၀

The Live News ဂျာနယ် အမှတ် ၁၄၃တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ကာလရွှေလျောလာသောခါ၊ မြင်းမူမောင်နိုင်မိုး၏ တောဆောင်းဦးထုပ်ကလေးတစ်လုံး၊ နီမင်းဆွေ၏ ခေါက်ရှာ၄က်၏ခြေရာ(၇)၊ ကိုကိုလှိုင်၏သေနတ်သံ ဗုံးသံတည်းည်း အာဖဂန်ရွေးကောက်ပွဲ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့သမိုင်းထဲက အခြေခံအဆောက်အအုံရဲ့ မူလဘူတ 'မြေ' သမိုင်းကြောင်း (၂၁)ဒဂုံမြို့နယ်က ရေးဟောင်းလက်ရာ အဆောက်အအုံများရဲ့ မြေအမည်ပေါက်များ (စိန်ရောင်ခြည် စေတီတော်)၊ အောင်လျှမ်းဝေ၏တစ်ခါက ... ဆရာတစ်ဦး၊ ကြိုင်လျှမ်း၏ ပင်လယ်ပျော်သင်္ဘောသားအင်္ဂလိပ်စကား (ကွန်ပျူတာအခြေခံစာမေးပွဲနှင့် အင်တာနက် online မှ စာမေးပွဲဖြေဆိုနည်း)၊ တက္ကသိုလ်မောင်သုလှိုင်၏ ပေါက်ဖော်တို့တိုင်းပြည် မီဒီယာခရီးတစ်ခေါက်(၁၀)၊ မောင်နေလင်း၏ တက္ကစီမင်းနှင့်ပညာပေး ၅၀၀ တန်၊ အာရှမိုး၏ ကတုံးပေါ်ထိပ်ကွက်ဆရာကြီးမက်ဒွေါ်ဖ် လှည့်စားသွားသော ငွေထောင်ချောက်၊ ထွဋ်ဝင်းထွဋ်၏ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းတွေကြောင့် ပျက်စီးသွားရတဲ့ မက္ကဆီကိုမြို့တစ်မြို့ရဲ့ပုံပြင်၊ ကလေးတွေပတ်ဝန်းကျင်နဲ့ဝင်ဆံ့ဖို့ မိဘတွေက သင်ကြားပေးဖို့လို၊ ဩစတြေးလျတိုက်အား ပစ်မှတ်ထားလာသော အကြမ်းဖက်သမားများ၊ ဂျော်ဂျီယာအားတိုက်ရန် တစ်ဦးတည်းဆုံးဖြတ်ခဲ့ကြောင်း မက်ဗီဒက်ဖွင့်ဟ၊ ကမ္ဘာ့ငွေကြေးလဲလှယ်နှုန်း၊ ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေး၊ ထင်ပေါ်ကျော်ကြား ကိုရီးယား အနုပညာရှင်များစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများဖြင့် စေစေဆာဆာတင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ်စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ငွေကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ငွေကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေ တိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၅၊ ၂၁၅၀၈၁နှင့် MARKET CARE (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

21-8 (05).pmd 1 8/21/2009, 1:35 AM

✻ ကျောဖုံးမှ

✻ ကျောဖုံးမှ

ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းကိုသီဆို၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ပညာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးက ပြည်နယ်အတွင်း ပညာရေးစီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ပညာရေးမှူးက လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက အောင်ချက်အကောင်းဆုံး ပထမရရှိသော ပြည်နယ်ဆု၊ ဆုရကျောင်းများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းသားကျောင်းသူများက "ပန်းများဝေစီပွင့်လေပြီ" သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် ဩဂုတ် ၁၈ရက် နံနက်ပိုင်းတွင် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါလျက် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ အမှတ်(၁) ခေတ်မီနှစ်ထပ်ဈေးသစ် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အောင်ချက်အကောင်းဆုံး ပထမရရှိခဲ့သော ပြည်နယ်ဆုနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာအနီးရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များ အသုံးချသုတေသနရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် သုတေသနပြုဆောင်ရွက်ထားမှုများ၊ သီးနှံအမျိုးအစားအလိုက် သုတေသနပြုစိုက်ပျိုးထားရှိသည့် ပျိုးပင်နမူနာများနှင့် ပျိုးခြံအတွင်း စိုက်ပျိုးထားရှိသည့် ဆီအုန်းပျိုးပင်များကိုကြည့်ရှုစစ်ဆေးပြီး သုတေသနနှင့်နည်းပညာ ပြန့်ပွားရေးကို တိုးချဲ့ဆောင်ရွက်၍ ဒေသခံ တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ဖြတ်သန်းကြည့်ရှု

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဩဂုတ် ၁၉ရက်တွင် မော်လမြိုင်-သထုံ-ကျိုက်ထိုလမ်းပိုင်း ကောင်းမွန်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘောဇကို Southern Myanmar အနိုင်ယူ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် ● စာမျက်နှာဖွဲ့စည်းမှု-ဇင်မင်းသန့်

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ အကြိုခြေစမ်းပွဲအဖြစ် တနင်္သာရီ၊ မွန်၊ ကရင်ပြည်နယ်ကိုယ်စားပြု Southern Myanmar F.C နှင့် ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဇ F.C တို့သည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ Southern Myanmar F.C က အနိုင်ရသွားပါတယ်။

Southern Myanmar F.C-တစ်ဂိုး ကမ္ဘောဇ F.C - ဂိုးမရှိ

ကမ္ဘောဇအသင်းကတော့ လာမယ့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအကြို ခြေစမ်းပွဲတွေမှာ ရလဒ်ဆိုးတွေနဲ့ ဆက်တိုက်ကြုံတွေ့နေရပါတယ်။ ဒီပွဲမတိုင်ခင်က ကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာ Delta United F.C နဲ့ ဉသျှာယူနိုက်တက်တို့ကို ဂိုးမရှိသရေသာကစားနိုင်ခဲ့သလို အခုပွဲကလည်း ပွဲပြီးခါနီးစက္ကန့်ပိုင်းအလိုမှာ ပေးလိုက်ရတဲ့ ဂိုးနဲ့ Southern Myanmar ကို အရှုံးပေးခဲ့ရပါတယ်။ ကမ္ဘောဇအသင်းနည်းပြချုပ် ဦးအေးမောင်ကြီးကတော့ ခြေစမ်းပွဲတွေဖြစ်လို့ အရှုံးအနိုင်ရလဒ်ဟာ အရေးမကြီးဘဲ ဒီပွဲက အမှားတွေကို ပြိုင်ပွဲမှာ မဖြစ်ပေါ်အောင် အချိန်မီပြင်ဆင်သွားမယ်လို့ ပွဲအပြီးမှာ ဆိုခဲ့ပါတယ်။

Southern Myanmar F.C အသင်းအတွက်တော့ အခုပွဲဟာ ခေါ်ယူစမ်းသပ်နေတဲ့ ကစားသမားတွေရဲ့ ခြေစွမ်းကို အကဲခတ်တဲ့ပွဲလို့ပဲ ဆိုရမှာပါ။ နိုင်ငံခြားသားကစားသမားငါးဦးအနက် ဒဏ်ရာပြဿနာရှိနေတဲ့ ဘရိုက်ကလွဲ၍ ကျန်ကစားသမားလေးဦးကိုအသုံးပြုခဲ့သလို ပြည်တွင်းကစားသမားအချို့ကိုလည်း စမ်းသပ်ပွဲထုတ်ခဲ့ပါတယ်။ ပြိုင်ပွဲအကြို ပြင်ဆင်မှုကာလဖြစ်လို့ နှစ်သင်းစလုံးရဲ့ ခြေစွမ်းဟာ အကောင်းဆုံး ပုံစံမရရှိခဲ့ပေမယ့် ဂိုးသွင်းခွင့်တွေတော့ အပြန်အလှန် ရရှိခဲ့ကြပါတယ်။

Southern Myanmar အတွက် အနိုင်ဂိုးသွင်းခဲ့သူ ဂျေဗွန်၏ ထိုးဖောက်ဟန်။ (မြန်မာ့အလင်း)

နှစ်သင်းစလုံး အဆုံးသတ် ဂိုးသွင်းသေချာခဲ့မယ်ဆိုရင် ဒီထက်ဂိုးပိုရနိုင်မှာဖြစ်ပေမယ့် ပွဲပြီးခါနီးမှာရတဲ့ ဂိုးနဲ့သာ Southern Myanmar တို့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ကမ္ဘောဇက တိုက်စစ်မှူး စထက်နိုင်ဝင်းနဲ့ စိုးမင်းဦးတို့ အပိုင်ဂိုးသွင်းခွင့်တွေ လွဲချော်ခဲ့သလို တင့်နိုင်ထွန်းသိန်း ကန်ချက်ကလည်း ဂိုးမဖြစ်ခဲ့ပါဘူး။ Southern Myanmar အသင်းဟာ နိုင်ဝင်းရဲ့ အပိုင်ဂိုးသွင်းခွင့် နှစ်ကြိမ် ဂိုးမဖြစ်ခဲ့ပေမယ့် နာကျင်အချိန်ပို နှစ်မိနစ်မှာတော့ နိုင်ငံခြားသား တိုက်စစ်မှူး ဂျေဗွန်က အနိုင်ဂိုးကို သွင်းယူခဲ့ပါတယ်။ ။

ယနေ့ပွဲ (ညနေ ၄နာရီ)

သုဝဏ္ဏကွင်း

ဉသျှာယူနိုက်တက်-အရှေ့ဘင်ဂေါ်

(မြန်မာ့အလင်း)

ထူးကြီးအသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

ထူးကြီးအသင်း (ရန်ကုန်)၏တတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း(ရွှေတိဂုံတောင်ဘက်မုခ်အနီး) သစ်လုပ်ငန်းခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက် ၇၅နှစ်အထက် ကန်တော့ခံပုဂ္ဂိုလ်များ၊ ၂၀၀၈ခုနှစ်နှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးနှစ်ဘာသာအထက်ဖြင့် အောင်မြင်သူများသည် အမှတ်စာရင်းမိတ္တူဖြင့် ဦးမျိုးသန့် ဖုန်း-၀၉-၅၀-၃၈၉၇၃၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁-၀၃၂၁၀၊ ဦးသိန်းအောင် ဖုန်း-၅၀၅၀၇၂၊ ဦးမြင့်သန်း ဖုန်း-၂၉၄၁၅၀၊ ဦးထွန်းဝေ ဖုန်း-၇၂၁၄၀၆၊ ဦးခင်မောင်ကြည် ဖုန်း-၀၉-၅၁-၉၂၄၄၁၊ ဦးတင်ဦး ဖုန်း-၀၉-၅၁-၆၁၈၈၇၊ ဦးဌေးလွင် ဖုန်း-၀၉-၅၀-၄၇၀၅၅ နှင့် အသင်းရုံး ဖုန်း-၃၉၇၈၇၃ တို့သို့ ဩဂုတ် ၃၁ရက် နောက်ဆုံးထားကာ ပေးပို့ကြရန် အသင်းဝင်နှင့် အသင်း မဝင်ရသေးသူအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ငွေစုသမနှစ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၌ကျင်းပရာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အမှာစကား ပြောကြားသည်။ ထို့နောက် ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းတို့ကို ဖတ်ကြားအတည်ပြုပြီး အမှုဆောင်အဖွဲ့အသစ်ကို ရွေးချယ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဩဂုတ်၁၈ရက် နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အဖွင့်အမှာစကား ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဝန်ကြီးသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်မြင့်က 'လုပ်ငန်းအဖွဲ့ ဆောင်ရွက်ချက်များနှင့် ပညာပေးနည်းလမ်းများ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းက 'ထိုင်းနိုင်ငံ အခြေခံပညာကျောင်းများ၏ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဆိုင်ရာ သိကောင်းစရာများ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သင်းဖြူက 'မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်ဆက်စပ်မှု' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၀

TV Guide အတွဲ(၁)၊ အမှတ်(၇)ကို ဩဂုတ်၂၁ရက်(သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

TV Guide (ရုပ်မြင်သံကြားလမ်းညွှန်)အတွဲ(၁)၊ အမှတ်(၇)တွင် STAR WORLD ရုပ်သံလိုင်းမှ ဩဂုတ် ၂၄ရက်တွင် တိုက်ရိုက်ထုတ်လွှင့်ပြသမည့် Miss Universe 2009 အစီအစဉ်နှင့် MRTV-4 International ရုပ်သံလိုင်းများမှ Star Sports နှင့် ESPN ရုပ်သံလိုင်းများတွင်ပြသမည့် EPL ဘောလုံးပွဲများမှ ဖူလ်ဟမ်နှင့် ချယ်လ်ဆီး၊ ဝီဂန်နှင့်မန်ယူ၊ ပို့စ်မောက်နှင့် အာဆင်နယ်၊ လီဗာပူးလ်နှင့် အက်စတွန်ဗီလာအသင်းများ၏ ပွဲကြိုသုံးသပ်ချက်များအကြောင်းများကို ပြည့်ပြည့်စုံစုံ ရေးသားထားသည်။

ထို့အပြင် တခြားရုပ်သံလိုင်းအားလုံး၏ တစ်ပတ်စာအစီအစဉ်များကို အသေးစိတ်ဖော်ပြထားပြီး ကြည့်သင့်သောအစီအစဉ်များကို Highlight တင်ပြထားပါသည်။ 5 Movies, 5 Series ရုပ်သံလိုင်းများမှ ထုတ်လွှင့်မည့် အစီအစဉ်များကိုလည်း တစ်ပတ်စာ ရေးဆွဲထားသည့်အပြင် ကလေးငယ်များအတွက် Cartoon Network နှင့် 5 Cartoon မှ ထုတ်လွှင့်ပြသမည့် ကာတွန်းကားဇာတ်လမ်းအကျဉ်းချုပ်များ၊ အချိန်ဇယားများကို ဖော်ပြထားပါသည်။ ထို့အပြင် အစီအစဉ်ကောင်းများကို အချိန်ပြည့်ထုတ်လွှင့် ပေးနေသော Mandalay FM တွင် အသစ်ထုတ်လွှင့်မည့် နှလုံးသားတံခါးဆီသို့ အစီအစဉ်အကြောင်း ရှင်းလင်းထားပြီး MRTV-4 Free Channel ၌ ထုတ်လွှင့်နေသော အစီအစဉ်များကို ဓာတ်ပုံများဝေဝေဆာဆာဖြင့် Highlight တင်ပြထားသည့်အပြင် တစ်ပတ်စာအစီအစဉ်များကို အသေးစိတ်ဖော်ပြထားသည်။

မိမိနှင့်မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လိုခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။ သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေးရောဂါသည် ရာသီအလိုက် မကြာခဏ ဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှု ရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။ သို့သော် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအားမရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင်ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက် အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှု များပြားနိုင်ပါသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

မေး။ ။ တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

အခြေခံသူနာပြုသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော်လယ်ဝေး ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံ ရှေးဦးသူနာပြုသင်တန်း ၃/၀၉ သင်တန်းဆင်းပွဲကို ဩဂုတ် ၁၃ရက် မွန်းလွဲ ၂နာရီက အေလာမြို့ ဦးမှန်စီမ္မောရုံ၌ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်)မှ အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာလှဖေက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား တပ်ခွဲမှူး ဦးမင်းမင်းသိမ်းက လက်ခံယူသည်။ (၀၈၃)

တုပ်ကွေးရောဂါ အသိပညာပေးဆောင်ရွက်

နွားထိုးကြီးမြို့နယ် ဝက်တုပ်ကွေးရောဂါ အသိပညာပေး ဆွေးနွေးပွဲများကို မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဉာဏ်ထွန်းဦး ဦးဆောင်သော ကျန်းမာရေး ဝန်ထမ်းများက နွားထိုးကြီး၊ ပြင်စည်၊ ဝက်လူး၊ တစို၊ အောင်ပန်း၊ ထုံး၊ ကန်နား ကျေးလက်ကျန်းမာရေးဌာန နယ်မြေများတွင် ကွင်းဆင်းပညာပေးပြီး ရောဂါလက္ခဏာ နှင့် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဆောင်ရွက်သည်။ (၀၉၂)

တွန်းဇံမြို့နယ်ဥက္ကဋ္ဌဒိုင်း ဌာနပေါင်းစုံဘောလုံးပြိုင်

တွန်းဇံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၇ရက် ညနေ ၃နာရီက မြို့နယ်အားကစား ကွင်း၌ ကျင်းပရာ ပညာရေးအသင်းက လယ်/ဆည်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုရအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးရာဇာအေးက ဆုချီးမြှင့်ပေး သည်။ (ခရိုင် ပြန်/ဆက်)

မြို့သာယာလှပရေး မိုးကောင်း၌ဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာ လှပရေးလုပ်ငန်းများ အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ဒုတိယဦးစီးမှူးဒေါ်ခင်နုနုနှင့် ဝန်ထမ်းများ ဩဂုတ်၄ ရက်က အဖွဲ့ပိုင် စိမ်းမြသီတာပန်းဥယျာဉ်အတွင်း ပန်းအလှပင် များ ဖြည့်စွက်စိုက်ပျိုးမှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးသည်။ (၀၀၁)

ခေါဇာအထက ပညာရည်ချွန်ဆုပေးပွဲကျင်းပ

မွန်ပြည်နယ် ခေါဇာမြို့ အခြေခံပညာအထက်တန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည် ချွန်ဆုပေးပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ခေါဇာအထကခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးရဲလွင်ဦးနှင့် မြို့အုပ်ချုပ် ရေးမှူးတို့က အမှာစကားပြောကြားကာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာ အသင်း အလုပ်အမှုဆောင်အဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ကို ရွေးချယ် ဖွဲ့စည်းပြီး ပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့် သည်။ (မြို့နယ် ပြန်/ဆက်)

ကနီ၌ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

စစ်ကိုင်းတိုင်း ကနီမြို့နယ် တွင်းကျေးရွာ ဘဝဘဏ် ကိုယ့်အားကိုယ်ကိုးစာကြည့် တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီကကျင်းပပြီး မုံရွာ ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းနှင့် မြို့နယ် အဖွဲ့ဝင်(၁) ဒုတိယ ရဲမှူးသန်းထွဋ်တို့က စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေးကာ အလှူရှင်များက သုတရသစာအုပ်များ လှူဒါန်းကြသည်။ (မြို့နယ် ပြန်/ဆက်)

အာဟာရရက်သတ္တပတ် မြင်းမူ၌ ဆောင်ရွက်

မြင်းမူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး ပထမပတ်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မိခင်နို့ စနစ်တကျတိုက်ကျွေးရေး အခမ်းအနားကို ဩဂုတ် ၅ရက်က မြို့နယ်ဆေးရုံခန်းမ ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မသိုက မိခင်နို့တိုက်ကျွေး ရေး ရက်သတ္တပတ်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ (၀၃၅)

ဝမ်းတွင်း၌ မိုးရေလှောင်ကန်တူးဖော်

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အတွင်း အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော သပြေရိုးကျေးရွာရှိ မိုးရေလှောင်ကန် တူးဖော် ခြင်းလုပ်ငန်းကို ဇူလိုင် ၁၈ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးနောင်နောင်လတ် ဆောင်ရွက်ရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ် ဆောင်ရွက်ပေးကြသည်။ (မြို့နယ်စည်ပင်)

မြို့နယ်ပညာရေးမှူးဒိုင်း ကျောင်းပေါင်းစုံဘောလုံးပြိုင်

ရမည်းသင်းမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ မြို့နယ်ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲများကို ဩဂုတ် ၈ရက်နှင့် ၉ရက်တွင် ရမည်းသင်းမြို့နယ် အထက(၁) ကျောင်းအားကစားကွင်း၌ ကျင်းပရာ ပထမဆုရအသင်းတို့အား မြို့နယ် ပညာရေးမှူး ဦးသန်းထွန်းဟန်နှင့် အထက(ခွဲ)ငှက်သိုက်မှ ကျောင်းအုပ်ဆရာမကြီးတို့က ဒိုင်းဆုများ ချီးမြှင့်ပေးအပ်သည်။ (၁၆၉)

မင်းပြား၌ ပြန်/ဆက် လုပ်ငန်းညှိနှိုင်းစည်းဝေး

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်သည် ဇွန် ၂၀ရက်က မင်းပြားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများနှင့်တွေ့ဆုံပြီး စာကြည့်တိုက် စံ(၅)ချက် နှင့် ပြည့်စုံရေး ၂၀၀၉-၂၀၁၀ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း ပြီး လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ (မြို့နယ် ပြန်/ဆက်)

မြောင်းချောင်းရေလွှဲမြောင်းသစ်ဆောင်ရွက်မှုနှင့် မဏိပူရရေလှောင်တမံစီမံကိန်း

အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဩဂုတ် ၉ရက်က ကလေးမြို့နယ် တာဟန်းဈေးသစ်တည်ဆောက်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ဈေးသစ်တည်ဆောက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကိုမှာကြားကာ ဈေးသစ်ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ကလေးမြို့ နယ် ချင်းဆိုင်ကျေးရွာ၌ မိုးစပါးထွန်တုံးပိတ် အခမ်းအနားသို့ တက်ရောက်၍ ကောက်စိုက် နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံ လယ် သမားများနှင့်တွေ့ဆုံရာ ရှေးဦးစွာ တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာက မိုး စပါးစိုက်ပျိုးရာတွင် ဆောင်ရန်၊ ရှောင်ရန် အချက်များနှင့် နည်းလမ်းများကို ရှင်းလင်း တင်ပြ၍ တိုင်းမှူးက မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန် မှာကြား ကာ ကောက်စိုက်သမများအား ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးသည် ကလေး မြို့နယ် နတ်ချောင်းကျေးရွာ၌ မိုးစပါး စုပေါင်းမြေဩဇာကြဲပက်ပွဲနှင့် တမန်းနှီးပွဲ သို့ရောက်ရှိ၍ စိုက်ပျိုးထားသည့် မိုးစပါး များအား ဓာတ်မြေဩဇာကြဲပက်နေမှုကို ကြည့်ရှု အားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မြောင်း ချောင်း ရေလွှဲမြောင်းသစ် ဆောင်ရွက်ခြင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး နှင့် တိုင်းဆည်မြောင်းဦးစီးမှူးတို့က လုပ်ငန်း ဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ ခရိုင် ဥက္ကဋ္ဌနှင့် လယ်သမားတစ်ဦးတို့က မိုးစပါး စိုက်ပျိုးပြီးစီးမှုတို့ကိုလည်းကောင်း ရှင်းလင်း တင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းပြီးစီး အောင် ဆောင်ရွက်ရန်မှာကြားကာ လုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

မဏိပူရရေလှောင်တမံ

ထို့နောက် တိုင်းမှူးသည် ကလေး မြို့နယ် ဆည်တောကျေးရွာအနီးရှိ မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်း ဆောင်သို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်း တင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ ကိုမှာကြားကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း ရေလွှဲဥမင် (၁/၂)လုပ်ငန်းဆောင်ရွက်နေမှု ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ပဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင်၏ ၂၀၀၉ခုနှစ် (၁၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌများ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ တိုင်းမှူးက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် ရွှေတံဆိပ်ဆုရှင် ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် တင်ဆက်ဖျော်ဖြေကြ ပြီး တိုင်းမှူးက သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်၍ **(ယာပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်စခန်းများနှင့် ဝန်ထမ်းအိမ်ရာများ

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေသည် ဩဂုတ် ၁၇ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း မအူပင်မြို့နယ်မီးသတ်စခန်းသို့ ရောက်ရှိပြီး မီးသတ်စက်၊ မီးသတ်ယာဉ်များကြံ့ခိုင်ရေး၊ အသင့်ရှိရေး၊ ရေရရှိရေးဆောင်ရွက်ထားရှိမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဖြည့်ဆည်းပေး

ထို့နောက် ရွှေဆုပန်ဆောက်လုပ်ရေး က ဆောက်လုပ်လျက်ရှိသည့် လေးယူနစ် နှစ် ထပ် သံကူကွန်ကရစ် မီးသတ်စခန်းဆောက် လုပ်မှုအခြေအနေ၊ မင်းဆောက်လုပ်ရေး၏ လေးခန်းတွဲ ဝန်ထမ်းနေအိမ်ဆောက်လုပ်မှု အခြေအနေနှင့် မအူပင်မြို့ မီးဘေးလုံခြုံရေး နှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထား ရှိမှု အခြေအနေတို့ကို တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ် ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေး ပြီး ဆောက်လုပ်ဆဲစခန်း အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ထမ်းအိမ်ရာ

ယင်းနောက် ဝန်ကြီးသည် ကျိုက်လတ် မြို့ မီးသတ်စခန်းသို့ရောက်ရှိပြီး ကောင်း ဆောက်လုပ်ရေးက ဆောက်လုပ်လျက်ရှိ သည့် နှစ်ယူနစ် နှစ်ထပ် သံကူကွန်ကရစ် မီးသတ်စခန်း၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုနှင့် ကျိုက်လတ်မီးသတ် စခန်း မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာ ကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ တို့ကို တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြ ကြရာ ဝန်ကြီးက လိုအပ်ချက်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆောက်လုပ် ဆဲ မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာတို့ကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

အကောင်းမြင်စိတ်ဖြင့် အပြုသဘောဆောင်

ကိုတိုး

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှာ နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်ရမည့် ပြည်တွင်းရေး အခက်အခဲများ အနည်းနှင့်အများရှိကြပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေး အင်အားတောင့်တင်းကြတဲ့ နိုင်ငံကြီးများမှာတော့ နည်းချင် နည်းပါလိမ့်မယ်။ ဒါပေမယ့် ပြည်တွင်းရေးပြဿနာဆိုတာ တော့ မကင်းနိုင်ပါဘူး။ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်စနဲ့ နဂိုကတည်းက လူမျိုးရေး၊ နယ်စပ်ရေးပြဿနာရှိတဲ့ နိုင်ငံ ငယ်လေးတွေမျိုးမှာတော့ ဖြေရှင်းနေရတဲ့ ပြည်တွင်းရေး ကိစ္စတွေများကြတာ တွေ့ရမှာပါပဲ။ ဒါဟာ သဘာဝပါ။ ဖြစ်လေ့ဖြစ်ထ ရှိတာမို့ နောင်လည်း ရှိနေနိုင်ပါတယ်။ နည်းတာနဲ့များတာ ကြီးတာနဲ့သေးတာ ဒါပဲကွာမှာပါ။

ဒါပေမယ့် အဲဒီပြည်တွင်းရေးပြဿနာတွေကို နိုင်ငံ အသီးသီးဟာ ကိုယ့်နိုင်ငံရဲ့ အခြေအနေအပေါ် မူတည်ပြီး ဖြေရှင်း ဆောင်ရွက်နေကြရပါတယ်။ ပြဿနာရဲ့ အနေ အထား၊ ကိုယ့်နိုင်ငံရဲ့ အခြေအနေအရ လုပ်နည်းလုပ်ဟန် သာ ကွဲပြားချင်ကွဲပြားမယ်။ မဖြေရှင်းဘဲတော့ မနေကြ ပါဘူး။ ဖြေရှင်းလုပ်ဆောင်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူ အကျိုးကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ အကောင်းဆုံး ဖြစ်ထွန်း တိုးတက်အောင် လုပ်နေကြတာပါ။ ကျွန်တော်တို့နိုင်ငံ လည်း အဲဒီလို နိုင်ငံများထဲက အပါအဝင်နိုင်ငံတစ်ခုပါ။ လွန်ခဲ့တဲ့ နှစ်(၂၀)ခန့်အတွင်း အတိတ်က တွေ့ကြုံခဲ့ရတဲ့ အခက်အခဲများထဲက ရုန်းထွက်ပြီး နိုင်ငံတော်ကို တည်ငြိမ် အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ခဲ့လို့ လက်ရှိ အဆင့်၊ လက်ရှိ အခြေအနေကိုရောက်ပြီး ပြည်သူလူထု လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက် ရေးကို အရှိန်အဟုန်နဲ့ ချီတက်ဆောင်ရွက်နိုင်နေပြီဖြစ်ပါ တယ်။

ဒီနေ့ Global Age မှာ ဘယ်နိုင်ငံကြီးငယ်မှ ထီးတည်းသီးခြားရပ်တည်လို့ မရနိုင်ပါဘူး။ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ မိမိနိုင်ငံ ပါဝင်တဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ၊ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ဆက်စပ်ပူးပေါင်းဆောင်ရွက်ရသလို ကမ္ဘာ့နိုင်ငံအားလုံးနဲ့လည်း ပတ်သက်ဆက်နွှယ်ကြရပါတယ်။ သဘောကတော့ နိုင်ငံတကာ ဆက်ဆံရေးဟာ အရေးပါတယ်လို့ ဆိုလိုတာပါ။ ဒီနေရာမှာ ဆက်ဆံပုံ ဆက်ဆံနည်းတွေ ကွဲပြားတာနဲ့အမျှ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနဲ့ နီးစပ်ထိတွေ့မှုတွေ ကွာခြားကြပါတယ်။ ဆိုချင်တာကတော့ နိုင်ငံတကာဆက်ဆံရေးမှာ သတ်မှတ် သဘောတူထားကြတဲ့ တန်းတူညီမျှရေးနှင့် နိုင်ငံတကာ စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာသင့်ကြသလိုပဲ လူမှုရေးနဲ့ ထောက်ထား ညှာတာမှုတွေကိုလည်း ပစ်ပယ်မထားသင့် ပါဘူး။

နိုင်ငံတစ်ခုရဲ့ ကြုံတွေ့နေရတဲ့ ပြဿနာအပေါ် အခြားနိုင်ငံများက ဝိုင်းဝန်း အကြံပြုကြတယ် ဆိုတာ လုပ်သင့်တဲ့ အလုပ်ဖြစ်သလို တစ်ဖက်ကလည်း လက်ခံ သင့်တာ မှန်ပါတယ်။ သို့သော်လည်း အကြံပြုချက်များ သည် စေတနာမှန်ပြီး အကျိုးပြုတဲ့ သဘောဆောင်မှသာ မှန်ကန်ပါလိမ့်မည်။ အဲဒီလိုမဟုတ်ဘဲ အမိန့်ပေး၊ ဖိအား ပေး၊ အကျပ်ကိုင်တာမျိုးနဲ့ အပြစ်ပေး အရေးယူတာမျိုးတွေ လုပ်လာမယ်ဆိုရင်တော့ ဒါဟာ စစ်မှန်တဲ့ နိုင်ငံတကာ ဆက်ဆံရေး မဟုတ်နိုင်တော့ပါဘူး။

ဒီနေ့ ကျွန်တော်တို့ နိုင်ငံမှာ ကြုံတွေ့နေရတဲ့ နိုင်ငံရေး အခြေအနေတွေအပေါ်မှာ တချို့ နိုင်ငံကြီးတွေရဲ့ ဆက်ဆံမှု ဟာလည်း ဒီသဘောပါပဲ။ စေတနာထားပြီး အမှန်ဘက်က ရပ်တည်ပေးသူတွေ ရှိသလို မိမိတို့ ဖြစ်စေချင်တာ ဖြစ်ဖို့ အပြစ်တင်၊ ရှုတ်ချ၊ ကန့်ကွက်၊ တားဆီး၊ ပိတ်ပင်ကြတာတွေ လည်း ရှိနေပါတယ်။ ဖြစ်သင့်ဖြစ်ထိုက်တာကို ဖြစ်အောင် စေတနာရှိရှိနဲ့ အဲဒီနိုင်ငံရဲ့ တရားဥပဒေကို လေးစားလိုက်နာ ပြီး အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုမျိုးဆိုရင် လက်ခံရမှာ ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ ကိုယ်ကျိုးစီးပွားရေးအတွက် ကိုယ်ဖြစ်ချင်တာအပေါ်မှာပဲ အခြေခံရပ်တည်ပြီး အုပ်စုဖွဲ့ တဲ့သဘောနဲ့ စုပေါင်းအရေးယူပိတ်ဆို့တာမျိုးကတော့ မဖြစ် သင့်တဲ့ကိစ္စပါ။ အဲဒါဟာ အင်အားသုံးဖိနှိပ်ဆက်ဆံမှုသာ ဖြစ်ပါတယ်။ တရားမျှတမှုမရှိပါဘူး။ တန်းတူညီမျှမဟုတ် တဲ့ တစ်ဖက်သတ်ဆက်ဆံရေးသာ ဖြစ်ပါတယ်။

မကြာမီက ဖြစ်ပေါ်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ Mr. Yettaw တို့ရဲ့ အမှုကာလ တစ်လျှောက်လုံးမှာရော၊ အမိန့်ချ အပြစ်ပေးပြီးတဲ့နောက်မှာပါ ကျွန်တော်တို့နိုင်ငံ အပေါ် ပြည်တွင်းပြည်ပက ဖိအားတွေနဲ့ ဆန့်ကျင်တိုက်ခိုက် မှုတွေက အများသိကြတဲ့အတိုင်းပါပဲ။ တရားမဝင်တော့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အရေးယူခံရလို့၊ အပြစ်မရှိ ပါဘဲနဲ့ တရားစွဲဆိုခံရလို့ အစိုးရရဲ့လုပ်ရပ်ဟာ တရားမျှတမှု မရှိဘူးလို့ ပြောခဲ့ကြပါတယ်။ တကယ်တော့ ရှိနေခဲ့တဲ့ ဥပဒေများဟာ လက်ရှိအစိုးရက ပယ်ဖျက်ခြင်း၊ ရုပ်သိမ်း ခြင်း မပြုသေးသမျှ၊ လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ ကာလပတ်လုံး အတည် ဖြစ်နေပါတယ်။ အသေးစိတ်တော့ မပြောလိုတော့ပါဘူး။ ဒါပေမယ့် ဥပဒေနဲ့လည်းကိုက်ညီလို့၊ ပြစ်မှုကျူးလွန်တာ လည်း ထင်ရှားလို့ ခုလို အပြစ်ဒဏ်ချမှတ်ခဲ့တာပါ။

ဒါပေမယ့် အဲဒီ အပြစ်ဒဏ်အပေါ်မှာ နိုင်ငံတော် အကြီးအကဲရဲ့ စာနာထောက်ထားမှုနဲ့ လျှော့ပေါ့ပေးတဲ့

နိုင်ငံတစ်ခုရဲ့ ကြုံတွေ့နေရတဲ့ ပြဿနာအပေါ် အ
များက ဝိုင်းဝန်းအကြံပြုကြတယ်ဆိုတာ လုပ်သင့်တ
ဖြစ်သလို တစ်ဖက်ကလည်း လက်ခံသင့်တာ မှန
သို့သော်လည်း အကြံပြုချက်များသည် စေတနာမှန်ပြ
ပြုတဲ့ သဘောဆောင်မှသာ မှန်ကန်ပါလိမ့်မည်။
မဟုတ်ဘဲ အမိန့်ပေး၊ ဖိအားပေး၊ အကျပ်ကိုင်တာမျိုး
ပေး အရေးယူတာမျိုးတွေ လုပ်လာမယ်ဆိုရင်တော
စစ်မှန်တဲ့ နိုင်ငံတကာဆက်ဆံရေး မဟုတ်နိုင်တော့

လုပ်ရပ်ဟာ ထူးခြားတာတော့အမှန်ပါပဲ။ အပြုသဘောနဲ့ အကောင်းဘက်ကို မျှော်လင့် ဆောင်ရွက်ပေးတယ်လို့ မြင်ပါတယ်။ အဲဒီအမှုမှာပါဝင်တဲ့ တရားခံလေးယောက်စလုံး ထူးခြားတဲ့ အခွင့်အရေးတွေကို အမှန်တကယ်ရခဲ့ကြတာပါ။ အနာဂတ်မှာ ဒီထက်ကောင်းမွန်တဲ့ ဖော်ဆောင်မှုတွေ၊ လိုက်လျောမှုတွေ ရှိလာဦးမယ်လို့ ဆိုတာကိုလည်း ပြစ်ဒဏ် လျှော့ပေါ့တဲ့ ကြေညာချက်မှာ တွေ့နိုင်ပါတယ်။ ပြစ်ဒဏ်ရဲ့ ထက်ဝက်ကိုလျှော့ပြီးပြီ။ ကျန်တစ်ဝက်ကိုလည်း ဆိုင်းငံ့ ထားပြီး ကိုယ့်အိမ်မှာကိုယ် ပြန်နေခွင့်ရတယ်၊ ဒီကြားထဲ စည်းကမ်းတကျနေသွားမယ်ဆိုရင် လွတ်ငြိမ်းချမ်းသာခွင့်ကို လည်း စဉ်းစားပေးဦးမယ်ဆိုတဲ့ လိုက်လျောချက်တွေဟာ သူတို့အတွက်သာမက အားလုံးအတွက် ကျေနပ်ဝမ်းမြောက် ကြရမယ့် ရလဒ်ကောင်းတွေပဲလို့ ဆိုချင်ပါတယ်။

သို့သော်လည်း ဒီပေါ်မှာ မကျေနပ်နိုင်ကြသေးဘဲ အဆုံးစွန်အထိ တောင်းဆိုနေတာတွေလည်း ကြားနေရဆဲပါ။ **ကျွန်တော်တို့ နိုင်ငံရေးရဲ့ အခြေအနေနဲ့ နိုင်ငံတော်ရဲ့ လိုက်လျောအလျှော့ပေးမှုကို နားလည်ကြသူများကတော့ အကောင်းဘက်က အသိအမှတ်ပြုကြတာ တွေ့ရပါတယ်။ အဲဒီလို တရားလွန်တောင်းဆိုမှုများကို ကျေနပ်အောင်ထိ လိုက်လျောနိုင်ခြင်း ရှိ/မရှိဆိုတာက တစ်ဖက်ကလည်း တရားဥပဒေဆိုတာ ရှိနေပါတယ်။ ဒါကို မျက်ကွယ်ပြုပြီး လုံးဝ လွှတ်ပေးရမယ်လို့ တောင်းဆိုနေတာကတော့ တရား ဥပဒေကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်နေတာပါပဲ။ ဒါလေးတော့ နားလည်ကြသင့်ပါတယ်။**

နောက်တစ်ခုက Mr. Yettaw ကိစ္စပါ။ တကယ် ဆိုရင်တော့ အပြစ်ဒဏ်ကို ကျွန်တော်တို့ နိုင်ငံထဲမှာပဲ ကျခံ ရမှာပါ။ ဒါပေမယ့် အမေရိကန် အထက်လွှတ်တော်အမတ် Mr. Jim Webb ရဲ့ မေတ္တာရပ်ခံချက်ကြောင့် နိုင်ငံတော် အစိုးရအနေနဲ့ Mr. Yettaw ကို ချမှတ်ထားတဲ့ ပြစ်ဒဏ် ထက်ဝက်ကို လျှော့ပေးပြီး ပြည်နှင်ဒဏ်နဲ့ သူ့နိုင်ငံသူ ပြန်လည်စေလွှတ်ပေးခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ နိုင်ငံရဲ့ လူသားချင်း စာနာထောက်ထားမှု၊ နိုင်ငံအချင်းချင်း

ဆက်ဆံရေးအပေါ် လေးစားမှုနဲ့ လို
ခွင့်လွှတ်နိုင်မှုကို ပြတာပါ။ အလား
ကင်းကင်း၊ စေတနာမှန်မှန်နဲ့ လူ့အခွ
ဆောင်ရွက်ပေးမှုလို့ အသိအမှတ်
Mr. Yettaw ကို ပြန်လွှတ်ပေးခြင်းသ
အရ နားလည်စာနာ ခွင့်လွှတ်ပေးခြင်း
ကလည်း လုပ်သင့်လုပ်ထိုက်တာကို
တကျ မှန်မှန်ကန်ကန် လုပ်နေတာလ

ကျွန်တော်တို့နိုင်ငံက အခုလို
သဘော ဆောင်ရွက်ပေးနေသော်လည
တချို့နိုင်ငံတွေက ကျွန်တော်တို့နိုင
ပိတ်ဆို့မှုတွေ ပိုလုပ်မယ်၊ ပိုမြှင့်မယ်စ
ကြပါတယ်။ နိုင်ငံတစ်ခုကဆိုရင် တ
အပြင် မြန်မာနိုင်ငံပြည်သူလူထုရဲ့ ဒီ
ကူညီထောက်ပံ့ဖို့ သူတို့အသံလွှင့်ချ
အစဉ်တစ်ခုနဲ့ တိုးပြီးထုတ်လွှင့်တေ
ဒီထက်တိုးပြီး ပိတ်ဆို့ကန့်သတ်မှုေ
လည်း တွေ့ရပါတယ်။ ဒီလုပ်ရပ်တွေ
နိုင်ငံအပေါ် အပြုသဘောချဉ်းကပ်ဆ
ဘူး။ သူတို့လုပ်သမျှဟာ ကျွန်တော်
လူထုကို ဒုက္ခရောက်စေမှာပဲဖြစ်ပါတ
ပြည်သူလူထုကို ကြည့်ရမှာပါ။ တ
ရှိကြမယ်ဆိုရင် ခုလိုပြည်သူလူထုကို
ဖွံ့ဖြိုးတိုးတက်စေမှုကိုလည်း ထိခိုက်
ဆောင်ပါ့မလား။ လိုအပ်တဲ့ကူညီပံ့ပိုးမှု
ဆောင်တဲ့ ဆက်ဆံခြင်းနည်းတွေကသ
ဖြစ်ပါတယ်။

**ဘယ်လိုပဲဖြစ်ဖြစ် မိမိတို့နိုင်ငံ
ခရီးကို ရည်မှန်းချက်အတိုင်း မမိုတ
လျှောက်လှမ်းသွားမှာပါ။ ရှေ့ဆက်လု
စဉ်တွေဟာလည်း ဥပဒေ လုပ်ထုံးလု
လုပ်သွားမှာပါ။ ဥပဒေ၊ နည်းဥပဒေ
သူတိုင်း ပါဝင်ခွင့်ရကြမှာပါ။ ဖွဲ့စည
က အုတ်မြစ်စီပေးထားတဲ့အတိုင်းဆက်**

**ဒီလိုရှေ့ခရီးကို အောင်မြင်
ရည်မှန်းချက်နဲ့ သွားကြတဲ့နေရာမှာ
သဘော ပူးပေါင်းပါဝင်မှုတွေကို လက်
သွားမှာပါ။ ဒါပေမယ့် နိုင်ငံကို အ
အမှောင့်၊ အနှောင့်အယှက်၊ အဟန့်အ
သတိတရားနဲ့ ရင်ဆိုင်ဖယ်ရှားသွားရ
ဒါကြောင့် ဒီနေ့ ကျွန်တော်တို့နိုင်ငံ
ကောင်းမွန်ပြည့်စုံအောင် ကြိုးပမ်း
ဆောင်နေပါလျက် အကောင်းမမြင်နို
ငင်းတို့ရဲ့ အာဃာတမျက်မှန်စိမ်းကိုချွ
စေတနာနဲ့ အမှန်တရားကို သုံးသပ်
ပါစေကြောင်း တိုက်တွန်းရေးသားလို**

ဒီနေ့ Global Age မှာ ဘယ်နိုင်ငံကြီးငယ်မှ ထီးတည်းသီးခြား ရပ်တည်လို့ မရနိုင်ပါဘူး။ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံ တွေ၊ မိမိနိုင်ငံပါဝင်တဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ၊ ကမ္ဘာလုံး ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ဆက်စပ်ပူးပေါင်းဆောင်ရွက်ရသလို ကမ္ဘာ့ နိုင်ငံအားလုံးနဲ့လည်း ပတ်သက်ဆက်နွှယ်ကြရပါတယ်။ သဘောကတော့ နိုင်ငံတကာ ဆက်ဆံရေးဟာ အရေးပါတယ်လို့ ဆိုလိုတာပါ။ ဒီနေရာမှာ ဆက်ဆံပုံ ဆက်ဆံနည်းတွေ ကွဲပြားတာနဲ့အမျှ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနဲ့ နီးစပ်ထိတွေ့မှုတွေ ကွာခြားကြပါတယ်။

ဆက်ဆံရေးအပေါ် လေးစားမှုနဲ့ လိုက်လျော သည်းခံ ခွင့်လွှတ်နိုင်မှုကို ပြတာပါ။ အလားတူ အာဃာတစိတ် ကင်းကင်း၊ စေတနာမှန်မှန်နဲ့ လူ့အခွင့်အရေးကို လိုက်နာ ဆောင်ရွက်ပေးမှုလို့ အသိအမှတ် ပြုရမှာဖြစ်ပါတယ်။ Mr. Yettaw ကို ပြန်လွှတ်ပေးခြင်းသည် သူ့ကိုပုဂ္ဂိုလ်ရေး အရ နားလည်စာနာ ခွင့်လွှတ်ပေးခြင်းဖြစ်သလို တစ်ဖက် ကလည်း လုပ်သင့်လုပ်ထိုက်တာကို ဥပဒေနဲ့အညီ စနစ် တကျ မှန်မှန်ကန်ကန် လုပ်နေတာလို့ ဆိုနိုင်ပါတယ်။

ကျွန်တော်တို့နိုင်ငံက အခုလို ဥပဒေနဲ့အညီ အပြု သဘော ဆောင်ရွက်ပေးနေသော်လည်း အနောက်အုပ်စုနဲ့ တချို့နိုင်ငံတွေက ကျွန်တော်တို့နိုင်ငံအပေါ် တားဆီး ပိတ်ဆို့မှုတွေ ပိုလုပ်မယ်၊ ပိုမြှင့်မယ်စသဖြင့် အသံပေးနေ ကြပါတယ်။ နိုင်ငံတစ်ခုကဆိုရင် တားဆီးပိတ်ပင်မှုတွေ အပြင် မြန်မာနိုင်ငံပြည်သူလူထုရဲ့ ဒီမိုကရေစီတိုက်ပွဲကို

> ...နေရတဲ့ ပြဿနာအပေါ် အခြားနိုင်ငံ ...ဖြတယ်ဆိုတာ လုပ်သင့်တဲ့ အလုပ် ...ည်း လက်ခံသင့်တာ မှန်ပါတယ်။ ...တ်များသည် စေတနာမှန်ပြီး အကျိုး ...တာ မှန်ကန်ပါလိမ့်မည်။ အဲဒီလို ...ားပေး၊ အကျပ်ကိုင်တာမျိုးနဲ့ အပြစ် ... လုပ်လာမယ်ဆိုရင်တော့ ဒါဟာ ...တ်ဆံရေး မဟုတ်နိုင်တော့ပါဘူး။

ကူညီထောက်ပံ့ဖို့ သူတို့အသံလွှင့်ချက်ကို မြန်မာလိုအစီ အစဉ်တစ်ခုနဲ့ တိုးပြီးထုတ်လွှင့်တော့မယ် ဆိုပါလား။ ဒီထက်တိုးပြီး ပိတ်ဆို့ကန့်သတ်မှုတွေ လုပ်လာကြတာ လည်း တွေ့ရပါတယ်။ ဒီလုပ်ရပ်တွေဟာ ကျွန်တော်တို့ နိုင်ငံအပေါ် အပြုသဘောချဉ်းကပ်ဆက်ဆံမှု မဟုတ်နိုင်ပါ ဘူး။ သူတို့လုပ်သမျှဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူ လူထုကို ဒုက္ခရောက်စေမှာပဲဖြစ်ပါတယ်။ အဓိကကတော့ ပြည်သူလူထုကို ကြည့်ရမှာပါ။ တကယ်သာ စေတနာ ရှိကြမယ်ဆိုရင် ခုလိုပြည်သူလူထုကို ထိခိုက်စေပြီး နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမှုကိုလည်း ထိခိုက်အောင် ကြံစည်လုပ် ဆောင်ပါ့မလား။ လိုအပ်တဲ့ကူညီပံ့ပိုးမှုတွေနဲ့ အပြုသဘော ဆောင်တဲ့ ဆက်ဆံခြင်းနည်းတွေကသာ အကျိုးရှိစေနိုင်မှာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မိမိတို့နိုင်ငံအနေနဲ့ ဒီမိုကရေစီ ခရီးကို ရည်မှန်းချက်အတိုင်း မမှိတ်မသုန် ဆက်လက် လျှောက်လှမ်းသွားမှာပါ။ ရှေ့ဆက်လုပ်သွားမယ့် လုပ်ငန်း စဉ်တွေဟာလည်း ဥပဒေ လုပ်ထုံးလုပ်နည်းများနဲ့အညီပဲ လုပ်သွားမှာပါ။ ဥပဒေ၊ နည်းဥပဒေများအရ ညီညွတ် သူတိုင်း ပါဝင်ခွင့်ရကြမှာပါ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ က အုတ်မြစ်စီပေးထားတဲ့အတိုင်းဆက်ပြီးတက်သွားမှာပါ။

ဒီလိုရှေ့ခရီးကို အောင်မြင်အောင်လုပ်မယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ သွားကြတဲ့နေရာမှာ ကောင်းမွန်တဲ့အပြု သဘော ပူးပေါင်းပါဝင်မှုတွေကို လက်ခံစဉ်းစားဆောင်ရွက် သွားမှာပါ။ ဒါပေမယ့် နိုင်ငံကို အကျိုးမပြုတဲ့ အဖျက် အမှောင့်၊ အနှောင့်အယှက်၊ အဟန့်အတားမှန်သမျှကိုတော့ သတိတရားနဲ့ ရင်ဆိုင်ဖယ်ရှားသွားရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ အဘက်ဘက်က ကောင်းမွန်ပြည့်စုံအောင် ကြိုးပမ်းတည်ဆောက် ဖော် ဆောင်နေပါလျက် အကောင်းမမြင်နိုင်ကြသူများ အနေနဲ့ ၎င်းတို့ရဲ့ အာဃာတမျက်မှန်စိမ်းကိုချွတ်ပြီး စိတ်ကောင်း စေတနာနဲ့ အမှန်တရားကို သုံးသပ်တွေးခေါ် ရှုမြင်နိုင်ကြ ပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

အလှဝေဖြာ တိုင်းရောမှ အောင်မြင်ကြီးထွား သဘော်သီးများ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-ကျော်မြင့်သန်း(လမ်းမတော်) စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၀

ရောဝတီတိုင်း ကျိုက်လတ်မြို့ကား ကုန်းရေနှစ်သွယ် သွားလမ်း လာလမ်းဖြောင့်သဖြင့် ကူးသန်းရောင်းဝယ်ရေးအတွက် အဆင်ပြေသလို စိုက်ပျိုးရေးတွင်လည်း အောင်မြင်ဖြစ်ထွန်းသည်။ ကျိုက်လတ်မြို့နယ်အဝင် ကတည်းက စိမ်းစိုသော လယ်ကွင်းများ၊ ဥယျာဉ်ခြံများနှင့် စပါးစိုက်ပျိုးနေ သည့် မြင်ကွင်းများကို မပြတ်တမ်းမြင်တွေ့ရသည်။

ရောဝတီတိုင်း ကျိုက်လတ်မြို့နယ် ပျဉ်ထောင်စုကျေးရွာမှ အောင်မြင်ဖြစ်ထွန်းနေသော သဘော်သီးစိုက်ခင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ဥယျာဉ်ခြံ

ကျိုက်လတ်မြို့ ရောက်ရောက် ချင်း အနားမယူနိုင်ဘဲ ရာသီဥတု သာယာသဖြင့် သဘော်သီးများစိုက် ပျိုးသည့် ဥယျာဉ်ခြံများ ရှိရာသို့ ထွက်ခွာခဲ့သည်။ ကျိုက်လတ်မြို့ အရှေ့ဘက် သုံးမိုင်ခန့်အကွာ ကျုံကလွတ် ကျေးရွာအုပ်စု ပျဉ်ထောင်စု ရွာသို့ ရောက်ရှိခဲ့သည်။

ပျဉ်ထောင်စု ရွာလယ်လမ်း အတိုင်း လျှောက်လာခဲ့ရာ ၁၅မိနစ် ခန့်အကြာ၌ပင် သဘော်သီးများပွတ် နေအောင်သီးနေသော သဘော်ခြံသို့ ရောက်ရှိခဲ့သည်။ အပင်တိုင်း သဘော်သီးများဖြင့် အပင် ခါးကျိုး မတတ် သီးနေသော သဘော်ပင် များကို တအံ့တဩကြည့်ရင်း ခြံ အတွင်းဝင်လာခဲ့ရာ သဘော်စိုက် တောင်သူ ဦးအေးနွဲ့နှင့် တွေ့ဆုံခဲ့ သည်။

“ကျွန်တော် သဘော်စိုက်ပျိုး နေတာ ကြာပါပြီ။ သဘော်စိုက် ဧက လေးဧကလောက် ရှိပါတယ်။ ကျွန်တော် စိုက်တဲ့ သဘော်သီးမျိုး တွေကတော့ ထိုင်းမျိုးနဲ့ တရုတ်မျိုး တွေဖြစ်ပါတယ်။ လက်ရှိစိုက်ပျိုး ထားတဲ့ အပင်ပေါင်း ၂၀၀၀ကျော် ရှိနေပြီး အပင်အားလုံးသီးနေပါပြီ” ဟု ရှင်းပြသည်။

အပင်နှင့်မမျှအောင်သီးနေသော သဘော်သီးများကလည်း ဤသို့ ဖွံ့ဖွံ့ထွားထွား။ (မြန်မာ့အလင်း)

စီတန်းစိုက်ပျိုးထား

သဘော်သီး စိုက်ပျိုးခြံသည် ဥယျာဉ်ချောင်း၏ ကမ်းစပ်တွင်ရှိပြီး ရေဝင်ရေထွက်ကောင်းသည်။ မြေ မျက်နှာပြင်ညီညာပြီး မြောင်းပေါင် များပေါ်တွင် စနစ်တကျ စီတန်း စိုက်ပျိုးထားသော သဘော်ပင်များ ကို တွေ့ရသည်။

“ကျွန်တော့်ခြံမှာ သဘော်ပင် စုစုပေါင်း ၂၄၀၀ လောက်ရှိတယ်။ တစ်ပင်ကို တစ်နှစ်ခွဲလောက် ဆိုရင် သဘော်သီး အလုံး ၈၀လောက် သီးပါ တယ်။ ခုနစ်ရက်တစ်ကြိမ်နဲ့ တစ်နှစ် ပတ်လုံးသဘော်သီးတွေခူးပြီး ရောင်းရ ပါတယ်။ တစ်ကြိမ်ခူးရင် သဘော်သီး အလုံး၂၀၀၀ကျော် ရပါတယ်။ အဲဒီ သဘော်သီးတွေကို စက်လှေတွေနဲ့ ရန်ကုန် တင်ပို့ရောင်းချပါတယ်” ဟု တောင်သူ ဦးအေးနွဲ့က သတင်းအဖွဲ့သို့ ဆက်လက်ရှင်းပြသည်။

အမှတ်အသား

ခြံတွင်းရှိ သဘော်ပင်တိုင်း အမှည့် မကင်းသည့် အနေအထား ရောက်နေသည်ကိုတွေ့ရသည်။ အရွယ် ညီညာပြီး အလုံးလည်း လှသည်။ သဘော်ပင်များကိုတစ်ပင်လျှင် ရှစ်ပေ ခန့်အကွာ မြောင်းပေါင်များ တစ်ခုနှင့် တစ်ခုလည်း ရှစ်ပေခန့် ကွာလျက် စိုက်ပျိုးထားသည်ကို တွေ့ရသည်။ သဘော်သီးခူးရန် အမှတ်အသားမှာ သဘော်သီးပေါ်၌ အဝါအစက်အပြောက် သုံးခုလေးခုလောက်တွေ့ရင် စတင် ခူး၍ရကြောင်း သိရသည်။

> **ရောဝတီတိုင်း ကျိုက်လတ်မြို့နယ်အတွင်း ကျေးရွာအုပ်စုများမှ သဘော်သီးအပါအဝင် ဒေသထွက်ကုန် ဟင်းသီးဟင်းရွက်များမှာ ဆောင်းရာသီ၌လည်း နေ့စဉ် စက်လှေကြီး များဖြင့် ရန်ကုန်သို့ တင်ပို့လျက်ရှိရာ တောင်သူများ၏ လုပ်အားအလှ ပေါ်လွင် ထင်ရှား။**

တိုးချဲ့စိုက်မည်

ခူးပြီးသော သဘော်သီးများကို အိတ်များ၊ သစ်သားသေတ္တာများဖြင့် ထည့်သွင်းပြီး စက်လှေဖြင့်ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသို့ တင်ပို့သည်။ တစ်အိတ်လျှင် သဘော်သီး အလုံး ၁၇လုံးနဲ့ ၁၈လုံးခန့် ဆံ့သလို သေတ္တာ တစ်လုံးလျှင် သဘော်သီးအလုံး ၁၈လုံး ခန့် ထည့်သွင်းနိုင်သည်။ တောင်သူ ဦးအေးနွဲ့က နောက်နှစ်တွင် ၄က်ပျော စိုက်ဧက ၁၀ဧက တိုးချဲ့စိုက်ပျိုးမည် ဟု ဆိုသည်။

တောင်သူဦးအေးနွဲ့၏ သဘော်ခြံ မှ ထွက်ခွာလာခဲ့ပြီးနောက် သဘော်ခြံ များ စိုက်ပျိုးထားသော ဘုံလုံချောင်း ကျေးရွာအုပ်စုသို့ ဆက်လက် ထွက်ခွာ ခဲ့သည်။ လယ်ယာစိုက်ပျိုးခင်းများကို ဖြတ်သန်းပြီး ဘုံလုံချောင်းရွာသို့ ရောက်ရှိခဲ့သည်။ ဘုံလုံချောင်း ကျေးရွာတွင် သဘော်ခြံများ စိုက်ပျိုး ထားမှုကို တွေ့ရသည်။

ထွက်ရှိ

သဘော်ခြံ တစ်ခြံကို ဘုံလုံ ချောင်း ကျေးရွာအနီး မြင်တွေ့၍ ဝင်ရောက် လေ့လာခဲ့သည်။ သဘော် သီးများ အုံခဲပြွတ်သိပ်နေသောသဘော် ပင်များကိုမြင်တွေ့ရသည်။ သဘော် ခြံအတွင်း သဘော်ပင်များ ပြုပြင် နေသူများကိုတွေ့၍ မေးမြန်းရာ ဤ သဘော်ခြံမှတစ်ကြိမ်ခူးလျှင်သဘော် သီး ၁၅၀၀ခန့် ထွက်ရှိကြောင်း ပြောပြသည်။

ကျိုက်လတ်မြို့နယ် ပျဉ်ထောင်စုကျေးရွာအနီး စိုက်ပျိုးထား သော သဘော်သီးခြံ တစ်ခြံအတွင်း မြင်ကွင်းတစ်နေရာ။ (မြန်မာ့အလင်း)

ပိုလျှံ

အတူ လိုက်ပါလာသော ကျိုက်လတ်မြို့နယ် စိုက်ပျိုးရေး မန်နေဂျာဦးမျိုးခန့်က “ကျိုက်လတ် မြို့နယ်အတွင်းမှာ တူးမြောင်းရွာ၊ ပန်းခြံရွာ၊ တုံးလဲရွာနဲ့ ဘုံလုံချောင်း ကျေးရွာအုပ်စု၊ ခရာပင်ဆိပ်ရွာ အုပ်စုတွေမှာ သဘော်ခြံစိုက်ပျိုးမှု တွေရှိပါတယ်။နောက်ပြီးကျိုက်လတ် မြို့နယ်အတွင်းမှာဟင်းသီးဟင်းရွက် နဲ့ သီးပင်စိုက်ပင်ဧက ၃၃၅ ဧက ရှိပါတယ်။ အဲဒီဧကတွေ အားလုံး အပြည့်စိုက်ပျိုးသွားမှာပါ။ ထွက်ရှိ တဲ့ ဟင်းသီးဟင်းရွက်နဲ့ သစ်သီး တွေကို ဒေသစားသုံးမှု ပိုလျှံပြီး ရန်ကုန်ကိုလည်းတင်ပို့နေပါတယ်” ဟု ဦးမျိုးခန့်က သတင်းအဖွဲ့သို့ ရှင်းပြသည်။

ရန်ကုန်သို့တင်ပို့

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိ သော သဘော်သီး အပါအဝင် ဟင်းသီး ဟင်းရွက်များကို စက်လှေ ကြီးများဖြင့် တင်ဆောင်ပြီး ပန်း သပွတ်မြစ်အတိုင်း မောင်းနှင်ကာ တိုးမြစ်မှ တစ်ဆင့် ရန်ကုန်သို့ ရေကြောင်းဖြင့် တင်ပို့ခြင်းဖြစ် သည်။ သဘော်သီး နေ့စဉ်အလုံးရေ ၅၀၀၀ခန့် ရန်ကုန်သို့ တင်ပို့ပေးနေ ကြောင်း သိရသည်။

ပေါ်လွင်ထင်ရှား

ကျိုက်လတ်မြို့နယ် အတွင်း ကျေးရွာအုပ်စုများမှ သဘော်သီး အပါအဝင်ဒေသထွက်ကုန် ဟင်းသီး ဟင်းရွက်များမှာ ဆောင်းရာသီ၌ လည်း နေ့စဉ်စက်လှေကြီး ၁၀စင်း ခန့်ဖြင့် ရန်ကုန်သို့ တင်ပို့ပေး ကြောင်းသိရသဖြင့် ကျိုက်လတ်မြို့မှ တောင်သူများ၏ လုပ်အားအလှမှာ ပေါ်လွင်ထင်ရှား၍ နေသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရပါ ကြောင်း။ ။

(မြန်မာ့အလင်း)

✳ ရှေ့ဖုံးမှ

ပညာသင်ကြား

ကန့်ဘလူမြို့နယ်တွင် အခြေခံပညာ အထက်တန်းကျောင်းလေးကျောင်း၊ အထက်တန်းခွဲသုံးကျောင်း၊ တွဲဖက် အထက်တန်းကျောင်းနှစ်ကျောင်း ဖွင့်လှစ်ကာ အထက်တန်းကျောင်းသား ၂၉၂၃ ဦးအား အထက်တန်းပြဆရာ ၁၀၂ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိသည်။ အခြေခံပညာအလယ်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းခွဲ ၃၈ ကျောင်း၊ တွဲဖက် အလယ်တန်းကျောင်း ၂၀တို့ဖြင့် အလယ်တန်းကျောင်းသား ၃၀၄၂၄ဦးအား အလယ်တန်းပြဆရာ ၉၆၇ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိသည်။ အခြေခံပညာမူလတန်းအနေဖြင့် မြို့ပေါ်နှင့်ကျေးရွာတိုင်းတွင် မူလတန်းလွန်ကျောင်း ၃၄ ကျောင်း၊ မူလတန်းကျောင်း ၁၇၀၊ မူလတန်းကျောင်းခွဲ၂၃ကျောင်း၊ တွဲဖက်မူလတန်း ၂၂ကျောင်းဖြင့် မူလတန်းကျောင်းသားဦးရေ ၄၇၀၃၁ဦးကို မူလတန်းပြဆရာ ၁၄၃၀နှင့် ပညာသင်ကြားပေးလျက်ရှိရာ ကျောင်းသားနှင့် ဆရာအနေအထားမှာ ဆရာတစ်ဦးလျှင် ကျောင်းသား ၃၂ဦးနှုန်း သင်ကြားနိုင်ကြောင်း သိရသည်။

အလေးထား

၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကန့်ဘလူမြို့နယ်မှ ၆၄၃ ဦး အောင်မြင်ခဲ့ရာ ဂုဏ်ထူးရသူ ၄၉ဦးပါဝင်ပြီး ငါးဘာသာနှင့် လေးဘာသာဂုဏ်ထူးရသူများလည်းပါဝင်ရာ ချီးကျူးဂုဏ်ပြုစရာပင်။



မြို့နယ်ပညာရေးပဒေသာပင် ငွေကျပ်သိန်းတစ်ထောင်ကျော်ထားရှိပြီး ကန့်ဘလူနှင့်ကျွန်းလှမြို့နယ်များမှ ဆေးတက္ကသိုလ်ကျောင်းသားများအားလည်း နှစ်စဉ်ပညာရေးထောက်ပံ့စရိတ်များပေးအပ်လျက်ရှိကြောင်း သိရှိရသဖြင့် ပညာရေးအပေါ် အလေးထားအားပေးမှုကလည်း အထင်းသားပေါ်လွင်နေပြန်သည်။

တည်ဆောက်ပေး

ကန့်ဘလူမြို့နယ်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးမှုပြယုဂ်တစ်ခုမှာ ၂၀၀၉ခုနှစ် ဖွန် ၁ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသစ်ကြီးတစ်ဆောင် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ပညာရေးဌာနမှ ခွင့်ပြုငွေ၊ မြို့မိမြို့ဖ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ အလှူရှင်များလှူဒါန်းငွေစုပေါင်းကာ ငွေကျပ်သိန်းသုံးထောင်ကျော်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းပင်ဖြစ်သည်။

ကန့်ဘလူမြို့နယ်နှင့် ကျေးရွာအုပ်စုများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် မြို့နယ်ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံ သုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာနငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၇ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတစ်ခု၊ တိုင်းရင်းဆေးခန်းတစ်ခုတို့ဖြင့် ဆောင်ရွက်ပေးနေခဲ့သည်။

အထွေထွေရောဂါကုသဆောင်

ကန့်ဘလူမြို့နယ် ခုတင် (၁၀၀)ဆံ့ဆေးရုံကြီး၏ အထွေထွေရောဂါကုသဆောင် ဆောက်လုပ်နေသည့်မြင်ကွင်း။ ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

တာဝန်ယူဆောက်လုပ်

ယခုလောလောဆယ် တပင်ရွှေထီးလမ်းနှင့် မြို့ရှောင်လမ်းထောင့်တွင် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို အလှူရှင် ထူးထရေးဒင်းကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်နေရာ ၂၀၀၉ခုနှစ် ဒီဇင်ဘာလကုန်တွင် ပြီးစီးမည်ဟု သိရှိရသည်။ ဆေးရုံကြီးတွင် အဆောင်ခြောက်ဆောင် ပါဝင်မည်ဖြစ်ပြီး ပြင်ပလူနာကုသဆောင်၊ အထွေထွေရောဂါကုသဆောင်၊ ဖျားနာကုသဆောင်၊ မီးယပ်နှင့်သားဖွား ရောဂါကုသဆောင်၊ ကလေးလူနာကုသဆောင်နှင့် ခွဲစိတ်ကုသဆောင်တို့ ပါဝင်သည်။

ကန့်ဘလူဆေးရုံ၊ ဇီးကုန်းတိုက်နယ်ဆေးရုံ၊ ချပ်သင်းဆေးရုံ၊ မလယ်တိုက်နယ်ဆေးရုံတို့တွင် ဆေးပဒေသာပင် ငွေစုလက်မှတ်ဖြင့်ထားရှိရာ ကန့်ဘလူဆေးရုံတစ်ရုံတည်းတွင်ပင် ဆေးပဒေသာပင် ငွေကျပ် ၂၂၇သိန်းကျော် စုဆောင်းထားရှိသည်ဟုသိရသည်။ ကျေးရွာများမှ တောင်သူလယ်သမားများအတွက် မြွေပွေး၊ မြွေဟောက် မြွေဆိပ်ဖြေဆေးများကိုလည်း မြို့နယ်မှ ကျေးလက်ဆေးပေးခန်းများအထိ အသင့်ထားရှိကြောင်းလည်း သိရသည်။

ဖွံ့ဖြိုးမှုမြင့်မားလာ

ကန့်ဘလူမြို့သည် အညာဒေသဖြစ်သော်လည်း မိုးရွာသွန်းမှုမျှတခြင်းနှင့် ဆည်ရေများကြောင့် စပါး၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများကို စီမံကိန်းလျာထားချက်ကျော်လွန်စိုက်ပျိုးနိုင်၍ ဒေသတွင်း စီးပွားတိုးတက် ဖွံ့ဖြိုးမှုမြင့်မားလာခဲ့ခြင်းနှင့်အတူ တပ်မတော်အစိုးရ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ပေးနေခြင်းအတွက် ကန့်ဘလူမြို့နယ်သည်လည်း အခြားမြို့များနည်းတူ ယခင်ကနှင့်မတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ကန့်ဘလူမြို့သည် အညာဒေသ ဖြစ်သော်လည်း မိုးရွာသွန်းမှုမျှတခြင်းနှင့် ဆည်ရေများကြောင့်စပါး၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများကို စီမံကိန်း လျာထားချက် ကျော်လွန် စိုက်ပျိုးနိုင်၍ ဒေသတွင်း စီးပွားတိုးတက် ဖွံ့ဖြိုးမှုမြင့်မား လာခဲ့ခြင်းနှင့်အတူ ပညာရေး နှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာလျက်ရှိ။

ခုတင်(၁၀၀)ဆံ့ ဆေးရုံပုံစံ

ကန့်ဘလူမြို့နယ် ခုတင် (၁၀၀)ဆံ့ ဆေးရုံ တည်ဆောက်ရေးစီမံကိန်း ပုံစံ။

ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်)

ကျောင်းဆောင်သစ်

ကန့်ဘလူမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ကြီးကို ဤသို့ ခံ့ညားစွာ တွေ့ရသည်။
ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

နိုင်ငံတော်အစိုးရနှင့် ပြည်သူ လက်တွဲကူပြီး ငွေကျပ်သိန်းသုံးထောင်ကျော် အကုန်အကျခံကာ တည်ဆောက်ပေးခဲ့သည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ကြီးကို ၂၀၀၉ခုနှစ် ဇွန် ၁ရက်က ဖွင့်လှစ်ပေး၍ ကန့်ဘလူမြို့၏ ပညာရေးကဏ္ဍကို မြှင့်တင်ပေးခဲ့သည်။
ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတို/အထွာ

အမျိုးသမီးမီတာ ၈၀၀ အပြေးပြိုင်ပွဲ တောင်အာဖရိကအပြေးမယ်ဗိုလ်စွဲ

(၁၂)ကြိမ်မြောက် ကမ္ဘာ့ပြေးခုန်ပစ် ပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ဆက်လက်ကျင်းပရာ အမျိုးသမီးမီတာ ၈၀၀ အပြေးပြိုင်ပွဲ၌ တောင်အာဖရိကအပြေးမယ် စီမင်ယာက ၁ မိနစ် ၅၆ ဒသမ ၇၂ စက္ကန့်ဖြင့် ဗိုလ်စွဲသွားသည်။

ရီးရဲကွင်းလယ်ကစားသမား ဗန်ဒါဗက်အား ပေါင်၁၀သန်းဖြင့် လီဗာပူးခေါ်ယူမည်

လီဗာပူးကွင်းလယ်ပိုမိုထက်မြက်စေရန်အတွက် ရီးရဲမက်ဒရစ်မှ နယ်သာလန် ကွင်းလယ်ကစားသမား ဗန်ဒါဗက်အား ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း လီဗာပူးကလပ်က ဩဂုတ် ၂၀ရက်၌ သတင်းထုတ်ပြန်သည်။

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ လက်မှတ်များ မက္ကဆီကို၌ ရောင်းချပေးမည်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲလက်မှတ်များကို လာမည့် စက်တင်ဘာ ၉ရက်မှစတင်ကာ မက္ကဆီကိုနိုင်ငံတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ မက္ကဆီကိုဘောလုံးအသင်း၏ အောင်မြင်မှုကို ဂုဏ်ပြုသောအားဖြင့် ရောင်းချခြင်းဖြစ်ကြောင်း ဖီဖာက ဩဂုတ်၂၀ရက်၌သတင်းထုတ်ပြန်သည်။

တိုက်စစ်မှူးဘန့်တနာအား အာဆင်နယ်ထပ်မံစာချုပ်

အာဆင်နယ်၏ ဒိန်းမတ်တိုက်စစ်မှူး ဘန့်တနာအား တစ်ပတ်လျှင် ပေါင် ၅၀၀၀၀ဖြင့် ၂၀၁၄ခုနှစ်အထိ အာဆင်နယ်က ထပ်မံစာချုပ်လိုက်ပြီဖြစ်ကြောင်း ယင်းကလပ်က ဩဂုတ် ၂၀ရက်၌ သတင်းထုတ်ပြန်သည်

ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရမှုအနေအထား

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပလျက်ရှိသော (၁၂)ကြိမ်မြောက် ကမ္ဘာ့ပြေးခုန်ပစ် အားကစားပြိုင်ပွဲ၌ ဩဂုတ် ၂၀ရက်အထိ ဆုတံဆိပ်ရရှိထားသော နိုင်ငံများတွင် အမေရိကန် ရွှေသုံးခု၊ ငွေနှစ်ခု၊ ကြေးသုံးခုရှိနေပြီး ထိပ်ဆုံး၌ရှိနေသည်။ ဂျမေကာမှာ ရွှေသုံးခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုဖြင့် ဒုတိယနှင့် ကင်ညာက ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုဖြင့် တတိယနေရာတွင် ရှိနေသည်။

ဘန်လေအသင်းကိုရှုံးခဲ့မှု မိမိညံ့ဖျင်းမှုကြောင့်ဟု ကာရစ် ဝန်ခံ

ပရီမီယာလိဂ်ပွဲစဉ်(၂)တွင် ဘန်လေအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ရသောပွဲမှာ မိမိ၏ညံ့ဖျင်းမှုကြောင့်ဖြစ်ကြောင်း ပယ်နယ်တီမဝင်ခဲ့သူ မန်ယူကစားသမား ကာရစ်က ဩဂုတ် ၂၀ရက်၌ ဝန်ခံပြောကြားခဲ့သည်။

ရုရှားကွင်းလယ်ကစားသမား ဘိုင်စရောဗ်အား ပေါင်ကိုးသန်းဖြင့် အဲဗာတန်စာချုပ်မည်

စပါးတပ်မော်စကိုအသင်းမှ ရုရှားကွင်းလယ်ကစားသမား ဘိုင်စရော့ဗ်အား ပြောင်းရွှေ့ကြေး ပေါင်ကိုးသန်းဖြင့် အဲဗာတန်က ခေါ်ယူစာချုပ်မည်ဖြစ်ကြောင်း ယင်းကလပ်က ဩဂုတ် ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

မန်ယူအားသွင်းယူခဲ့သည့်ဂိုး မမေ့နိုင်ဟု တိုက်စစ်မှူးဘီလာကီပြောကြား

မန်ယူအား တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲ၌ ဂိုးသွင်းခဲ့သည့် ဘန်လေ တိုက်စစ်မှူး ဘီလာကီက မိမိအအနေဖြင့် မည်သို့မျှ မေ့မရနိုင်သော ဂိုးအဖြစ် သတိရနေမည်ဖြစ်ကြောင်း ဩဂုတ် ၂၀ရက်၌ ပြောကြားခဲ့သည်။

အာကာဟိန်းစုစည်းတင်ပြသည်

အခွင့်အရေးကောင်းတွေအသုံးမချနိုင်ခဲ့ဘူး ဒီပွဲရလဒ်ကတော့ အိပ်မက်ပါပဲ

ဖာဂူဆန် | ကွိုင်လီ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင်(မြန်မာ့အလင်း)

လန်ဒန် ဩဂုတ် ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၂)ကို ဩဂုတ် ၂၀ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်ယူက ဒီနှစ်မှတန်းတက်လာတဲ့ မျက်နှာသစ်ဘန်လေကို အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တာမို့ မန်ယူပရိသတ်တွေ စိတ်ပျက်ခဲ့ကြရပါတယ်။

ဒါကြောင့် ဘန်လေနဲ့ မန်ယူတို့ ယှဉ်ပြိုင်ကစားတဲ့ပွဲအပြီးမှာ နည်းပြနှစ်ဦးရဲ့ စကားတွေကိုဖော်ပြရရင်-

မန်ယူနည်းပြဖာဂူဆန်

"တကယ့်ကို စိတ်ပျက်စရာကောင်းတဲ့ ရလဒ်ပါပဲ၊ ဘန်လေအသင်းကိုရှုံးခဲ့တဲ့အတွက် ပရိသတ်ကို တောင်းပန်ရမှာဖြစ်သလို ကျွန်တော့် ကစားသမားတွေ ဒီလိုခြေစွမ်းနဲ့ ခရီးဆက်ဖို့မဖြစ်ပါဘူး။ တကယ်ဆိုရင် ကျွန်တော်တို့အသွင်းခံလိုက်ရတဲ့ဂိုးဟာ နောက်တန်း အားနည်းမှုကြောင့်ဖြစ်ပါတယ်။ ဂိုးသွင်းဖို့အခွင့်ကောင်းတွေကိုလည်း အသုံးမချနိုင်ခဲ့ဘူး၊ ပယ်နယ်တီ မဝင်တာကတော့ အတော်လေး ဆိုးရွားတဲ့အနေအထားပါ" လို့ ဖာဂူဆန်က ပြောကြားခဲ့ပါတယ်။

တကယ်တမ်းအနေနဲ့ မန်ယူအသင်းအပေါ် ဘန်လေအနိုင်ရရှိခဲ့တာဟာ (၃၃) နှစ်အတွင်းမှာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဆယ်စုနှစ်သုံးခုကျော် အနိုင်မရခဲ့တဲ့ ဘန်လေအသင်းဟာ ဒီနှစ်မှာ ပရီမီယာလိဂ်တန်း တက်လာပြီး ချန်ပီယံ မန်ယူကို အိမ်ကွင်းမှာ အနိုင်ယူလိုက်တာဟာ အံ့ဩစရာရလဒ်တစ်ခုလိုဖြစ်စေခဲ့ပါတယ်။

"မန်ယူဟာ ရာသီအစမှာ နိုင်ပွဲတွေ မရတတ်ဘူးဆိုတဲ့ ဝေဖန်မှုတွေအပေါ် ချေဖျက်လိုတဲ့ ဆန္ဒပြင်းပြနေတာတော့ အမှန်ပါပဲ။ ကျွန်တော့်အနေနဲ့ ပယ်နယ်တီက တစ်ဆင့် ဂိုးရရှိမယ်လို့ သေချာပေါက် မျှော်လင့်ထားခဲ့တာပါ။ လက်တွေ့မှာ ဖြစ်မလာခဲ့ဘူး၊ ဘန်လေအသင်းနဲ့ ပတ်သက်ပြီး ဘာမှမပြောကြားလိုပေမယ့် ဒီပွဲမှာ ကျွန်တော့်လူတွေ ကစားခဲ့တာ အားရမှုမရှိတာတော့ လက်ခံရမှာပါပဲ" လို့ ဖာဂူဆန်က ပြောကြားခဲ့ပါတယ်။

ဒီလိုပါပဲ ချန်ပီယံ မန်ယူအသင်းအပေါ် တစ်ဂိုး-ဂိုးမရှိနဲ့ အောင်ပွဲခံနိုင်ခဲ့တဲ့ ဘန်လေနည်းပြ အိုဝင်ကွိုင်လီကလည်း "ဒီပွဲရလဒ်ကတော့ အိပ်မက်ပါပဲ။ အမှန်အတိုင်းဝန်ခံရရင် မန်ယူအသင်းကို ကျွန်တော့်အသင်း နိုင်ပွဲရလိမ့်မယ်လို့ မထင်ခဲ့ပါဘူး။ ဒီပွဲမှာ ရတဲ့အခွင့်အရေးကို အသုံးချနိုင်ခဲ့လို့ ဂိုးသွင်းယူနိုင်ခဲ့တာပါ။ ဒါပေမယ့်မန်ယူက လေးထပ်ကွမ်းပရီမီယာလိဂ် ချန်ပီယံဖြစ်နိုင်တဲ့ ထိပ်တန်းအသင်းကောင်းတစ်သင်းပါပဲ။ နားလည်မှု၊ စုစည်းမှု ဒီထက်ကောင်းရင် နိုင်ပွဲရအောင် ကစားဖို့ မလွယ်တဲ့ အသင်းဖြစ်ပါတယ်" ဟု ဘန်လေနည်းပြ အိုဝင်ကွိုင်လီက ပြောကြားခဲ့ပါတယ်။

ဘန်လေအသင်းဟာ ဒီနှစ် ပရီမီယာလိဂ်ကို တန်းတက်လာတဲ့နေရာ အမြင့်ဆုံးရည်မှန်းချက်က တန်းပြန်မဆင်းရရေးပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း နည်းပြ ကွိုင်လီအနေနဲ့ "ကျွန်တော့်အသင်းဟာ ရာသီအစ ပထမပွဲစဉ်ငါးပွဲမှာ စတုတ်၊ မန်ယူ၊ အဲဗာတန်၊ ချယ်လ်ဆီးနဲ့ လီဗာပူး အသင်းတွေနဲ့ ယှဉ်ပြိုင်ရမှာမို့ ခက်ခဲတဲ့ ပွဲစဉ်တွေနဲ့ ရင်ဆိုင်ရမှာပါ။ ဒါပေမယ့် မန်ယူကို အနိုင်ရခဲ့တာမို့ နောက်ပွဲတွေအတွက် စိတ်ဓာတ်ခွန်အား အမြင့်ဆုံး ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော့် ကစားသမားတွေ တည်တည်ငြိမ်ငြိမ်နဲ့ ကစားဖို့ပဲ လိုအပ်တာပါ" လို့လည်း ဘန်လေနည်းပြကွိုင်လီက ပြောကြားခဲ့ပါကြောင်း။ ။

(အင်တာနက်)

ကွင်းလယ်ကစားသမားတေလာ ဘော်လ်တန်၌ နှစ်ရှည်ကစားမည်

လန်ဒန် ဩဂုတ် ၂၀

ကွင်းလယ်ကစားသမား မတ်တေလာသည် ကီဗင်ဒါးဗီးစ်နှင့် ဂါရီကာဟေးလ်တို့ကဲ့သို့ ဘော်လ်တန်အသင်းတွင် နှစ်ရှည်ကစားသွားမည်ဖြစ်ကြောင်း ကတိဆိုလိုက်သည်။

တေလာသည် ဘော်လ်တန်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်တိုးလိုက်သဖြင့် ၂၀၁၂ခုနှစ်အထိ ရီးဘော့ကွင်း၌ ကစားရမည်ဖြစ်သည်။ အသက် ၂၇နှစ်ရှိ တေလာသည် ၂၀၀၈ခုနှစ်က ပို့စ်မောက်မှ ပေါင်လေးသန်းဖြင့် ပြောင်းရွှေ့လာပြီး ပြီးခဲ့သော ရာသီအတွင်း ဘော်လ်တန်အသင်းအတွက် ၁၀ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

တိုရွန်တိုဖလား တင်းနစ်ပြိုင်ပွဲ ဗီးနပ်စ်ဝီလျံအနိုင်ရရှိ

တိုရွန်တို ဩဂုတ် ၂၀

အမေရိကန် တင်းနစ်အားကစားမယ် ဗီးနပ်စ်ဝီလျံသည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကျင်းပလျက်ရှိသည့် အမျိုးသမီး တင်းနစ်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်တွင် ယူကရိန်းမှ ဘွန်ဒါရင်ကိုအား ၁-၆၊ ၇-၅၊ ၆-၄ဖြင့် အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ဂျာမနီမှ တစ်ကျော့ပြန်တင်းနစ်မယ် ကလစ္စတားသည်လည်း ဗြိတိန်မှ ဘောတာချာအား၆-၃၊၆-၄ဖြင့် အနိုင်ရရှိခဲ့သည်။ ကလစ္စတားသည် နှစ်နှစ်ကြာ တင်းနစ်လောကမှ အနားယူပြီးနောက် တိုရွန်တိုဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အာဂျင်တီးနား ကွင်းလယ်ကစားသမား အဲဗာတန်ခေါ်ယူရန်ကြိုးစား

လန်ဒန် ဩဂုတ် ၂၀

အာဂျင်တီးနား ကွင်းလယ်ကစားသမား အီဗာဘာနီဂါအား အဲဗာတန်အသင်းက အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူစာချုပ်ရန် ကြိုးစားနေသည်။

အသက် ၂၁နှစ်ရှိ ဘာနီဂါအား ဗလင်စီယာအသင်းမှ အဲဗာတန်ကအငှား ခေါ်ယူထားသည်။ ဗလင်စီယာက ဘိုကာဂျူနီယာမှ ပေါင် ၁၅သန်းဖြင့် ယခုနှစ် ဇန်နဝါရီလအတွင်း၌ ခေါ်ယူစာချုပ်ခဲ့သည်။ ၎င်းသည် ပြီးခဲ့သောရာသီက အက်သလက်တီကိုမက်ဒရစ်တွင် အငှားကစားနေသူဖြစ်သည်။ (အင်တာနက်)

မြင့်မောင်စိုးစုစည်းသည်

ယူအက်စ်ပီဂျီအေဖလား အာရှတိုက်သား ပထမဆုံးအကြိမ်ဆွတ်ခူး

ဝါရှင်တန် ဩဂုတ် ၂၀

တောင်ကိုရီးယားနိုင်ငံမှ ဂေါက်သီးကစားသမား ရန်ယောင်အွန်းသည် အမေရိကန်နိုင်ငံ ဟာဇယ်တိုင်း ဂေါက်ကလပ်၌ကျင်းပသော ယူအက်စ်ပီဂျီအေဖလား ပြိုင်ပွဲတွင် နာမည်ကြီးတိုက်ဂါးဝုဒ်ကို ကျော်ဖြတ်အနိုင်ယူပြီး ချန်ပီယံဆုဖလားကြီးကို အာရှတိုက်သားတစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူး

ရန်ယောင်အွန်းသည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ပြီး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးလိုက်ခြင်းဖြစ်သည်။ တိုက်ဂါးဝုဒ်မှာ စုစုပေါင်း ငါးချက်သာလျော့ရိုက်နိုင်ခဲ့ပြီး အင်္ဂလန်မှဝက်စ်ဝုဒ်က သုံးချက်လျော့ရိုက်ကာ တတိယလိုက်ခဲ့သည်။

ရပ်တန့်

အဆိုပါပြိုင်ပွဲတွင် တောင်ကိုရီးယားနိုင်ငံသား ရန်ယောင်အွန်း ဖလားဆွတ်ခူးလိုက်သဖြင့် တိုက်ဂါးဝုဒ်အား အဓိကဖလားကြီး ၁၄လုံးအထိ ဆွတ်ခူးမည့်အနေအထားမှ ရပ်တန့်သွားစေခဲ့သည်။ (အင်တာနက်)

ရီးရဲနောက်တန်းလူ ဆယ်ဂါဒို ဘလက်ဘန်းသို့ အလွှတ်ပြောင်းရွှေ့

လန်ဒန် ဩဂုတ် ၂၀

ရီးရဲမက်ဒရစ် ညာနောက်တန်း ကစားသမားဟောင်း ဆယ်ဂါဒိုအား ဘလက်ဘန်းအသင်းက နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

အသက် ၃၃နှစ်ရှိ ဆယ်ဂါဒိုသည် စပိန်အသင်းအတွက် ၅၃ကြိမ်တိုင်ပါဝင်ကစားပေးခဲ့သည်။ ရီးရဲမက်ဒရစ်က ၎င်းနှင့်ချုပ်ဆိုထားသော စာချုပ်ကိုပယ်ဖျက်လိုက်ပြီးနောက် ဘလက်ဘန်းသို့ အလွှတ်ပြောင်းရွှေ့ဖွယ်ရှိသည်။ ဆယ်ဂါဒိုသည် ဘာနေဗျူးတွင် ၁၀နှစ်ကြာကစားပေးခဲ့ပြီး ပြည်တွင်းလိဂ်နှင့် ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်ဆွတ်ခူးပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

မန်ယူတို့တန်းတက် ဘန်လေအားရှုံးနိမ့်

လန်ဒန် ဩဂုတ် ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၂)အဖြစ် ဘန်လေနှင့်မန်ယူတို့ ဩဂုတ် ၂၀ရက်က ယှဉ်ပြိုင်ကစားရာ မန်ယူတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပွဲကြုံတွေ့ခဲ့သည်။ ရွှန်နေနှင့် အိုဝင်တိုက်စစ်အတွဲကို ပွဲထုတ်ခဲ့သော်လည်း မန်ယူတို့ အသာစီးမရခဲ့ချေ။

ပွဲချိန် ၁၉မိနစ်၌ ဘန်လေတိုက်စစ်မှူး ဘီလာကီက မန်ယူဂိုးဧရိယာအတွင်းမှ ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ဂိုးစတင် ရရှိခဲ့သည်။ မန်ယူတို့ ချေပဂိုးရရှိရေး ကြိုးစားရာ ဂိုးသွင်းခွင့်များ ရရှိသော်လည်း အသုံးမချနိုင်ဖြစ်ခဲ့သည်။

၄၄မိနစ်၌ မန်ယူတို့ ပယ်နယ်တီ ပြစ်ဒဏ်ဘောရရှိခဲ့၍ ကာရစ်ကန်သွင်းရာ ဘန်လေဂိုးသမား ဂျန်ဆင်ကာကွယ်နိုင်ခဲ့သဖြင့် မန်ယူတို့ ချေပဂိုးနှင့်လွဲခဲ့ရပြီး တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ (ဝဲပုံ)

ပရီမီယာလိဂ်ပွဲစဉ် (၂) ရလဒ်

ဘာမင်ဂမ်	၁-၀	ပို့စ်မောက်
ဟူးလ်စီးတီး	၁-၅	စပါး
လီဗာပူး	၄-၀	စတုတ်

(အင်တာနက်)



ဥတုရာသီ
တောကိုမီး၏

ကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ ရင်နှစ်သည်းချာ ဖန်ပြွန်လွှာမောင်နှမအား စောင့်ရှောက်ကြီးကြပ်၍ ၁၄-၈-၂၀၀၉ရက် (သောကြာနေ့)တွင် Women's Centre ၌ မွေးဖွားပေးခဲ့သော သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးနှင့် ကလေးအထူးကုဆရာဝန်ကြီးများ၊ သတင်းစကား မေးမြန်းလက်ဆောင်ပါးပေးကြပါသော စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများနှင့် သူငယ်ချင်းများ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဇနီး၊ ဝိုင်းဝန်းကူညီပေးကြသော Good Morning မှ ဒါရိုက်တာ ဦးတင့်ကျော်နှင့် ဝန်ထမ်းများ၊ အနောက်ပိုင်းခရိုင်နှင့် ဒဂုံမြို့နယ်ဥက္ကဋ္ဌများ၊ Women's Centre မှ ကလေးအထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ၊ ရန်ကုန်ကလေးအထူးကုဆေးရုံအုပ်ကြီးနှင့် ဆရာမများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ဖေဖေ - ဦးအောင်ဆွေညွန့်
(ဥက္ကဋ္ဌ၊ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)
မေမေ - ဒေါ်ငွေငွေခိုင်နှင့် ဖန်ပြွန်အမြွှာမောင်နှမ။

မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနား ရွှေပြည်သာတွင်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျင်းပသော မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားကို ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ ဩဂုတ် ၁၉ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ဝဲပုံ)

တက်ရောက်

အခမ်းအနားသို့ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုးနှင့် အဖွဲ့ဝင်များ၊ နို့တိုက်ကလေးမိခင်နှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုအကြောင်း အသိပညာပေးဆွေးနွေးခဲ့ပြီး ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရရှိစေမည့် အစားအစာများ၊ ဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုင်းရယ်မြို့နယ် သမဝါယမအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

မိုင်းရယ် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ် သမဝါယမအသင်း၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၁၃ရက်က မိုင်းရယ်မြို့ ရတနာခန်းမတွင်ကျင်းပရာ မိုင်းရယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်နှင့် သမဝါယမ ဦးစီးအရာရှိ ဦးမိုးမြင့်ဦးတို့က အမှာစကားပြောကြားသည်။

ခွဲဝေပေးအပ်

ထို့နောက် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ချုပ်ရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်းပြီး အတည်ပြုချက် ရယူသည်။ ၂၀၀၈-၂၀၀၉ခုနှစ် စုဆောင်းငွေပေါ် အတိုး ကျပ်၃၃၉၈၂၀ကို အသင်းဥက္ကဋ္ဌ ဦးစိုင်းရွှေလှက အသင်းသားများသို့ ခွဲဝေပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေစီးရေလာကောင်းမွန်စေရေးအတွက် ရန်ကုန်-မန္တလေးကားလမ်းဘေးတစ်လျှောက် အုတ်ရေနုတ်မြောင်းဆောက်ရွက်ရန် အဖွဲ့ပိုင် မြေတူးစက်ဖြင့် ရေနုတ်မြောင်းတူးဖော်နေမှုကို ဇူလိုင် ၂၈ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးက ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာတို့ကရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အမှတ်(၆) ရပ်ကွက် အောင်ချမ်းသာလမ်းဘေးဝဲ/ယာ ရေမြောင်းများ အတွင်းရှိ အမှိုက်များနှင့် ဗေဒါများ ဆယ်ယူစွန့်ပစ်ရှင်းလင်းခြင်းကို ဩဂုတ် ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး (သန့်) ဦးမျိုးထိုက်ဝင်းနှင့် သန့်ရှင်းရေးဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများနှင့် ပူးပေါင်းပါဝင် ရှင်းလင်းဆောင်ရွက်ကြစဉ်။(မြို့နယ်စည်ပင်)

မိုးစပါးကောက်စိုက်စွမ်းရည်ပြိုင်ပွဲ လင်းခေး၌ကျင်းပ

လင်းခေး ဩဂုတ် ၁၅

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ၂၀၀၉ခုနှစ် မိုးစပါး ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ရက် နံနက် ၇နာရီက လင်းခေးမြို့နယ် ပုန်းထွက်ကျေးရွာအုပ်စုရှိ ပုန်းထွက်ကွင်း ဧက၁၀၀စံပြစိုက်ကွင်းတွင် ကျင်းပသည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးမျိုးမင်းသန်းက ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်း တင်ပြသည်။ ဆက်လက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြိုင်ပွဲဝင်ကောက်စိုက် လုံမေများအား ကောက်စိုက်တန်းကြိုးများ ပေးအပ်ကာ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို စတင်ကျင်းပသည်။ ဆက်လက်ပြီး တပ်နယ်မှူး၊ ခရိုင်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်ကောက်စိုက်လုံမေများ ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်နေမှုကို လှည့်လည် ကြည့်ရှု အားပေးကြသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲကျင်းပပြီး ဆုရရှိသည့် ကောက်စိုက်အသင်းများအား ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပရာ ဦးစွာ တပ်နယ်မှူးနှင့်ခရိုင်ဥက္ကဋ္ဌတို့က ပြိုင်ပွဲတွင်ယှဉ်ပြိုင်ခဲ့ကြသည့် အသင်းခြောက်သင်းအား ဂုဏ်ပြုချီးမြှင့်ငွေ တစ်သင်းလျှင် ကျပ် တစ်သောင်းစီ ချီးမြှင့်ပေးသည်။ ဆက်လက်၍ တာဝန်ရှိသူများက ပထမဆုရရှိသည့် ပင်ဝေါင် ရပ်ကွက်အသင်းနှင့် ဒုတိယဆု ရရှိသည့် တောင်ရွာရပ်ကွက် ကောက်စိုက်လုံမေအသင်းတို့အား ဆုများ ချီးမြှင့်ပေးခဲ့သည်။ **(အပေါ်ပုံ)**

လင်းခေးမြို့နယ်သည် ယခုနှစ်မိုးစပါး လျာထား စိုက်ဧက ၁၁၂၆၂ဧက ရှိပြီး စိုက်ပျိုးပြီး ဧက၉၇၄၃ဧကဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

မုံရွာ ဩဂုတ် ၁၃

မုံရွာမြို့နယ် ညောင်ဖြူပင်ကျေးရွာ အုပ်စု ညောင်ဖြူပင်ကျေးရွာ မောင်ကြီး တို့ရွာ စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ဖရက် နံနက် ၈နာရီက ညောင်ဖြူပင် ကျေးရွာ ကပ်ကျော်ကျောင်းတိုက်ရှိ အဆိုပါစာကြည့် တိုက်အဆောက်အအုံ၌ကျင်းပရာ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဖေသန်း (နေမင်းသန်း)၊ မုံရွာခရိုင် မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းဆွေ၊ ဦးမျိုးမင်းဦး (7day News Journal)တို့က မောင်ကြီး တို့ရွာ စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပရိဘောဂနှင့် စာအုပ် လှူဒါန်းပွဲကိုကျင်းပရာ မုံရွာ Media Groupမှ ပရိဘောဂများနှင့် သုတရသ ဂျာနယ်စာအုပ်များကိုလည်းကောင်း၊ မုံရွာ မြို့ အဓိပတိစာပေတိုက်ရှင် ဦးတင်ဝင်း မြင့်-ဒေါ်အေးအေးသန်း (လူမှုထူးချွန်) မိသားစုက သုတရသစာအုပ်များကိုလည်း ကောင်း၊ မုံရွာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ် များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံ ယူကြသည်။

ထို့နောက် အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဦးတိုးဝေ(မုံရွာတိုးဝေ-ပန်းရုံ)၊ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေ နှင့် မုံရွာ Media Group မှ ဦးသိန်းဇော် နှင့် တာဝန်ရှိသူများက စာပေအကြောင်း သိကောင်းစရာများနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက် ရေးကို ဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

စံ ငွေစုငွေချေးသမဝါယမအသင်း စည်းဝေး

ခင်ဦး ဩဂုတ် ၁၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ပညာရေးဌာန စံငွေစုငွေချေးသမဝါယမ အသင်းလီမိတက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၃၁ရက် နံနက် ၁၀နာရီက သီရိရတနာခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးဘကျမ်ကဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးတင်ဆွေဝင်းက အသင်း၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကာ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဒါရိုက်တာအဖွဲ့ဝင်များက တင်သွင်းကြသည်။

ဆက်လက်၍ ၂၀၀၈-၂၀၀၉ခုနှစ်အတွက် အသင်းသားများသို့ ပြန်လည်ခွဲဝေပေးငွေ ၈၃၂၇၆၆၅ကျပ်ကို အသင်းဥက္ကဋ္ဌဦးဘကျမ်က အသင်းသားတစ်ဦးထံ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ချောက်မြို့ အမှတ်(၉)ရပ်ကွက် တပင်ရွှေထီးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၁၂ရက်က အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြဝတီမြို့ပေါ်ရှိ စာသင်ကျောင်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းအိမ်ရာများတွင် ခြင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းဆောင်ရွက်နေမှုကို ဦးစီးအရာရှိ ဦးကျော်သူလတ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆီဆိုင်၌ တုပ်ကွေးကာကွယ်ရေး ဆွေးနွေး

ဆီဆိုင် ဩဂုတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် မြို့နယ်အဆင့် ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း အသိပေး ဆွေးနွေးပွဲကို ဇွန် ၁၈ရက်က ဆီဆိုင်မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ် ဥက္ကဋ္ဌ ဦးခိုင်ထွန်းတက်ရောက်၍ ကမ္ဘာ့လူတုပ်ကွေးရောဂါကူးစက်ပြန့်ပွားနေသည့် အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးထွန်းက ဝက်တုပ်ကွေးရောဂါမှတစ်ဆင့် လူတုပ်ကွေးရောဂါအဖြစ် ကူးစက်လာသည့် ရောဂါဖြစ်စဉ်တို့ကို ဆွေးနွေးဟောပြောသည်။ (၀၁၅)

မော်တော်ယာဉ် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၇၁၈၁ Honda C 90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကျော်ဦး ၉/အမဇ(နိုင်)၀၃၀၀၃၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၈၉၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မင်းထွေး ၉/မမန(နိုင်)၀၀၂၀၃၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၈၈၃၇ Jialing ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ဌေး ၉/မနတ(နိုင်)၀၁၂၈၄၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်-၆၅၊ ဦးပိုင်အမှတ် ၁၁(ခဲစင်း)၊ ၁၄လမ်း၊ ၈၆လမ်း×၈၇လမ်းကြား မောင်ဘိုးဒင် အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား ဦးသိန်းနိုင် ၉/မရမ(နိုင်)၀၅၃၃၀၆က အမှုတွဲအမှတ် ၀၁၇၅/ဘ(ခွဲ/ပြောင်း)/၂၀၀၉-၂၀၁၀ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်-တ/၆၊ ဦးပိုင်အမှတ် (၅၃)၊ ၆၄လမ်း×၆၅လမ်း၊ သဇင်လမ်း×ငုပြာလမ်းကြား ဦးဖော်ယော် အမည်ပေါက် ဂရန်မြေကွက်အား ဦးဘိုသန်း ၉/မရတ(နိုင်) ၀၄၄၉၂၆က အမှုတွဲအမှတ် ၀၆၇၉/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၉၁၄၈၇ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကို ၈/ရစက(နိုင်)၁၂၄၂၇၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၃၁၉၁ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်စုနှင်း ၈/မဘန(နိုင်)၀၈၆၂၈၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်-၆၅၊ ဦးပိုင်အမှတ် (၁၀+၁၁)(ခဲစင်း)၊ ၁၄လမ်း၊ ၈၆လမ်း×၈၇လမ်းကြား မောင်ဘိုးဒင် အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား ဦးအောင်အောင် ၉/မရမ(နိုင်)၀၅၃၃၀၅က အမှုတွဲအမှတ် ၀၁၇၇/ဘ(ခွဲ/ပြောင်း)/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အများသိစေရန်ကြေညာချက်

၁။ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ်(၂၃)၊ မြေတိုင်းရပ်ကွက် (၂၇စီ၄)၊ မြေကွက်အမှတ်(၂၈၉)တွင် မြေရှင်ဒေါ်သန်းစိန်၊ ကန်ထရိုက်တာ ဦးဌေးအောင် (LC-၀၆၆)၊ လိုင်စင်ရ အင်ဂျင်နီယာ ဦးမောင်မောင်ဦး (LS-၂၄၆)တို့အား ဤဌာန၏ ၂၇-၁-၁၉၉၈ရက်စွဲပါစာအမှတ်-၂၂၇၈/၂၇၅၅/စည်ပင်-ယာ(အုံ)ဖြင့် ခုနစ်ထပ်တိုက်ဆောက်လုပ်ရန် ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါမြေနေရာတွင် ခြောက်ထပ်တိုက်သာ ဆောက်လုပ်တော့မည်ဖြစ်ပါ၍ ခုနစ်ထပ်တိုက် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် မြေအမည်ပေါက်များဖြစ်လာသည့် ဒေါ်သန်းသန်းအေး၊ ဦးတင့်လွင်၊ ဒေါ်ခင်ဇင်မာ၊ ဦးတင်အောင်လွင်နှင့် ခြောက်ထပ်တိုက်သစ် ဆောက်လုပ်မည့် ကန်ထရိုက်တာဦးရန်နိုင် (LC-၃၈၅)တို့က ဤဌာနသို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန် အကြောင်းရှိပါက ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ဤဌာနသို့ လျှောက်ထား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးခရိုင်တရားရုံး
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ် -၁၀

ဘဏ်ခွဲမန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်(၂)
မန္တလေးမြို့။
(၎င်း၏ကိုယ်စားလှယ်စာရသူ
အမရပူရဘဏ်ခွဲမန်နေဂျာ)
တရားနိုင်

နှင့်

၁။ ဒေါ်ခင်ခင်ဝေ
(ကွယ်လွန်သူဒေါ်သန်းသန်း၏
တရားဝင်ကိုယ်စားလှယ်)
၂။ ဒေါ်ခင်မမ
တရားရှုံးများ

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၄၅၉ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် စက်တင်ဘာ ၂၈ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ တောင်ကြီးအရှေ့ဆင်တိုင်ရပ်ကွက်၊ အကွက်အမှတ်(၅၉၈)၊ ဦးပိုင်အမှတ်(၆)၊ မြေကွက်အမှတ် ၁၃၈၊ ဧရိယာ ၀ ဒသမ ၁၃ ဧကရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျယ် (၃၂×၂၈)ပေရှိ နှစ်ထပ်ခွဲပတ်ကားတိုက်တွဲလျက်၊ အကျယ် (၁၂×၃၂)ပေရှိ တစ်ထပ်ပတ်ကား၊ အကျယ်(၅၆×၁၇)ပေရှိ သွပ်မိုး၊ အကာမပါစက်ရုံ၊ စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ် ၂၂၅ သိန်း။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင် ရောင်းချရမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဩဂုတ် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မိုးမြင့်
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* ✻ VOA, BBC - ရန်တိုက်ပေးနေသည်။
* ✻ RFA, DVB - သွေးထိုးနေသည်။
* ✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* ✻ နားမယောင်လေနဲ့ သတိထား။

မွန်ပြည်နယ်ဂုဏ်ဆောင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဩဂုတ် ၁၇ရက် နံနက် ၈ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် မွန်ပြည်နယ်ဂုဏ်ဆောင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အောင်ချက်အကောင်းဆုံးပထမရရှိခဲ့သော ပြည်နယ်ဆုနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ *စာမျက်နှာ ၆ ကော်လံ ၁* ✻

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

မောင်မောင်မြင့်ဆွေ၏ အလှဝေဖြာ တိုင်းဧရာမှ အောင်မြင်ကြီးထွား သဘော်သီးများ သတင်းဆောင်းပါးကို စာမျက်နှာ ၉ တွင် ဖတ်ရှုနိုင်ပါသည်။

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသည့် လူနာတစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါဖြစ်ပွားသူ စုစုပေါင်း ၂၄ ဦးရှိပြီဖြစ်၊ လူနာတစ်ဦး ဆေးရုံမှထပ်မံဆင်းပြီ

နေပြည်တော် ဩဂုတ် ၂၀

စင်ကာပူနိုင်ငံမှ ပြန်လာသူ အသက် ၂၃ နှစ်အရွယ် အမျိုးသားတစ်ဦးဖျားသဖြင့် ဩဂုတ် ၁၉ ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ လူနာထံမှ ဓာတ်ခွဲနမူနာကိုရယူပြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနတွင် စမ်းသပ်စစ်ဆေးခဲ့ရာ New Influenza A(H1N1) ပိုးတွေ့ရှိရကြောင်း၊ အဆိုပါအမျိုးသားမှာ မြန်မာနိုင်ငံသို့ ဩဂုတ် ၁၆ ရက်က ခရီးစဉ်အမှတ် MI-520 ဖြင့် ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသည့် ၂၄ ဦးမြောက် လူနာဖြစ်ကြောင်း သိရှိရသည်။

စောင့်ကြပ်ကြည့်ရှု

လူနာနှင့်အတူနေ မိသားစုဝင်ခြောက်ဦးအား နေအိမ်၌ပင်နေစေပြီး စောင့်ကြပ်ကြည့်ရှုခြင်း (Home Quarantine) ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ *စာမျက်နှာ ၅ ကော်လံ ၃* ●

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။